# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၈၂)၊ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၈–၆–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

# နိုင်ငံတော် ရွေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

- ❖ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။
- ❖ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။
- ❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများသည် များစွာအရေးပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ Smart Meter ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၇

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Telematic Solution Co., Ltd.၏ Smart Meter ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက စက်ရုံအတွင်း ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင် အဆင့်မြင့်နည်းပညာသုံး တပ်ဆင်ထုတ်လုပ်ထားသည့် Smart Meter စနစ်ကို မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသည့်စနစ်တွင် ပေါင်းစပ် အဆင့်မြှင့်တင်ရာ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့်အပေါ် ကြိုဆိုပါကြောင်းနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်လိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား Inter Rao Co., Ltd. မှ တာဝန်ရှိသူများက လာရောက်တွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်သည့် တာဘိုင်များအား စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးနှင့် ပြန်လည်ပြုပြင်နိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ လေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်ရန်အတွက် တာဘိုင်များကို ပြုပြင်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ နည်းပညာရရှိရေး အတွက် ပူးပေါင်းဆောင်ရွက်ခြင်း တို့ကို လာရောက်လေ့လာရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး Alabuga SEZ မှ ကိုယ်စားလှယ် Mr. Konstantin Trifonov အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၉)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ တက်ရောက်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာတာစတန်ဒေသ (Republic of Tatarstan) ကာဇန်မြို့ရှိ အလာဘူဂါ အထူးစီးပွားရေးဇုန် (Alabuga Special Economic Zone)မှ ကိုယ်စားလှယ် Mr. Konstantin Trifonov အား ဒေသစံတော်ချိန် ညနေပိုင်းတွင် Welton Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်၏ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေး စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လုပ်သားများခေါ်ယူမည့် ကိစ္စရပ်များ၊ အလုပ်သမားရေးရာ MoU ရေးထိုးနိုင်ရေးဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် မြန်မာလုပ်သားများ အလုပ်လုပ်ကိုင်နေကြသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ်စရာ အညွှန်း**

မျိုးသုဉ်းရန်အန္တရာယ်ရှိသော အနီရောင်ပန်ဒါဝက်ဝံ တစ်စုံကို ထိုင်ဝမ်ကျွန်း တိုင်ပေမြို့တော်ရှိ တိရစ္ဆာန်ရုံက လက်ခံရရှိ

စာမျက်နှာ ၈

ပေါ်တူဂီအသင်းက ချီလီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

စာမျက်နှာ ၁၁

မီးဖိုချောင်ထဲက အသံတိတ်လူသတ်သမား မှိုဆိုးများနှင့် ကျန်းမာရေးအန္တရာယ် (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဇွန် ၈ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## သာယာမှုအပေါင်း ခညောင်းမည့် မိုးရာသီ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု သုံးမျိုးရှိသည်။ ရာသီဥတုအလိုက် မြန်မာနိုင်ငံသားတို့၏ အကျိုးကို ဆောင်ရွက်လျက်ရှိသည်။ နွေရာသီသည် ပူပြင်းခြောက်သွေ့ပြီး နွေ၏အပူဒဏ်ကို လူတိုင်းအန်တုရင်ဆိုင်ကာ သွားလာလှုပ်ရှားရသည်။ ပူပြင်းသည့်ဒဏ်ကို မခံစားနိုင်သဖြင့် မိုးရွာစေရန် ဆုတောင်းကြသည်။ ထိုသို့ မိုးမျှော်နေစဉ် မိုးကောင်းကင်ကြီးတစ်ခုလုံး မိုးသားတိမ်လိပ်တို့က ဖုံးလွှမ်းလိုက်သဖြင့် ခေတ္တခဏ အအေးဓာတ်ကို ရရှိစေမည်ဖြစ်သည်။ မိုးဦးကို လူတိုင်းတောင့်တကြသည်။ လည်တမော့မော့နှင့် မျှော်ကြသည်။ နွေ၏အပူဒဏ်ကိုမခံနိုင်၍ မိုးဦးမြန်မြန်ရောက်ချင်ကြသည်။ မိုးရွာလျှင် မိုးရေချိုးမည်ဟု အားခဲနေသော ကလေးငယ်များကလည်း သူ့အတွေးနှင့်သူရှိကြသည်။ နွေ၏အပူဒဏ်ကို ခံခဲ့ရသော စိမ်းဖန့်ဖန့်ရွက်နုတို့ကလည်း မိုးဦးကို ငံ့လင့်နေကြသည်။

လူသားတိုင်း ပူလောင်ခြင်းထက် အေးမြခြင်းကို နှစ်သက်ကြသည်။ ခြောက်သွေ့ခြင်းထက် စိုပြည်ခြင်းကို မက်မောကြသည်။ ဟောင်းနွမ်းခြင်းထက် သစ်လွင်ခြင်းကို ခုံမင်ကြသည်။ ညှိုးနွမ်းခြင်းထက် လန်းဆန်းခြင်းကို ခံစားလိုသည်။ ယင်းသို့သော စိတ်သဘာဝကိုမိုးရာသီ၏ အလှတရားတို့က တစ်မျိုးတစ်ဖုံ ဖြည့်စွက်ပေးလျက်ရှိသည်။ တသုန်သုန်တိုက်ခတ်နေသော နွေလေရူးနေရာတွင် မုတ်သုံလေရိုင်းက ခပ်ကြမ်းကြမ်း ဝင်ရောက်တိုက်ခတ်လာသည်။ မုတ်သုံလေနှင့်အတူ မိုးရနံ့တို့သည် တသင်းသင်းနှင့်ပျံ့လွင့်လာသည်။ မိုးစတင်ရွာသွန်းမည့်အချိန်ကတည်းက အပူဒဏ်လျော့ကျသဖြင့် လူတိုင်းလူတိုင်း များစွာဝမ်းမြောက်ကြသည်။ မိုးရွာသွန်းသောအခါ မိုး၏အေးမြမှုကို ခံစားရသဖြင့် ကြည်နူးကြသည်။ နွေ၏အပူဒဏ်ကို မိုးကဖြေဖျောက်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် မိုးရာသီသည် နွေရာသီထက် ပိုမိုလှပနေသည်ဟု ခံစားရသည်။ မိုးရာသီတွင် မိုးကောင်းကင်၌ မိုးသားတိမ်လိပ်တို့သည် အသွင်အမျိုးမျိုးဖြင့် လှပလျက်ရှိသည်။ တစ်ခါတစ်ရံ မိုးသားမည်းမည်းတို့ကိုတွေ့ရပြီး တစ်ခါတစ်ရံ မိုးသားဖြူဖြူတို့ကို တွေ့ရသည်။ တစ်ခါတစ်ရံ အနောက်တောင်မုတ်သုံလေ၏ တိုက်ခတ်မှုကြောင့် ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲလေ့ရှိသည်။ တစ်ခါတစ်ရံ ပန်းချီကားတစ်ချပ်နှင့်လည်းတူပြန်သည်။ မိုးတိမ်တောင်များ၏ အလှတရားများကို မိုးရာသီတွင်သာ တွေ့မြင်နိုင်သည်။ နွေရာသီတွင် ရိုးပြတ်များဖြင့် ခြောက်သွေ့လျက်ရှိသော မြန်မာ့လယ်ယာမြေသည် မိုးရာသီ၌ မြသားရောင် လွှမ်းလျက်ရှိသည်။ ထို့ကြောင့် သာယာမှုအပေါင်းခညောင်းနေမည့် မိုးရာသီဟု သတ်မှတ်ရမည်ဖြစ်သည်။

မိုးရာသီ၏ ရာသီပန်းများဖြစ်သော စံပယ်ပန်း၊ ခတ္တာပန်း၊ ပုန်းညက်ပန်း၊ ကြာပန်း၊ အင်ကြင်းပန်းစသည်တို့ကလည်း သက်ရှိလူသားတိုအတွက် အပြိုင်အဆိုင် ဖူးပွင့်လာကြသည်။ သို့ဖြစ်ရာ သစ်ပင်စိုက်ပျိုးသောလဖြစ်သော မိုးရာသီတွင် သက်ဆိုင်ရာဌာနများအလိုက် စိမ်းလန်းစိုပြည်ရေးအတွက် တပျော်တပါး စုပေါင်းသစ်ပင်စိုက်ပွဲတော်များ ကျင်းပတော့မည်ဖြစ်သည်။ ထို့ကြောင့် ငွေမြားတံပုလဲဥတို့ရွာသွန်းသော မိုးရာသီသည် များစွာသောလူတို့ရှင်သန်ရေး၊ အေးမြချမ်းသာရေးတို့ဖြင့် ပေါင်းစည်းလျက် ကျက်သရေအတိ၊ ပျော်ရွှင်ဖွယ်အတိ ဖြစ်စေသော သာယာမှုအပေါင်းခညောင်းနေမည့် ရာသီကောင်းတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**တံတားဦး ဇွန် ၇**

ရက်(၁၀၀) စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ တောင် သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဝင်းက တောင်သူနည်းပညာပေးအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချတာဝန်ခံ ဒေါ်သင်းသင်းချိုက မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် အကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးပြောကြား၍ တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်းက တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများ၏ ဆွေးနွေးမှုများအပေါ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ်တောင်သူ ၅၀ ဦးအား သွင်းအားစုများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

## မိုးကြိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ပဲတီစိမ်း ၆၀၇ ဧက ရိတ်သိမ်းပြီးစီး

**မြစ်သား ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ မိုးကြိုသီးနှံ စိုက်ပျိုးရာသီတွင် ကူမဲရွှေတန်းစခန်းနှင့် မိုင်းမော ရွှေတန်းစခန်းတို့တွင် ပဲတီစိမ်း ၆၀၇ ဧက စိုက်ပျိုးခဲ့ရာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။



စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲတီစိမ်း၊ ၆၀၇ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ကျေးရွာတောင်သူများအနေဖြင့် ပဲမျိုးစုံ ရိတ်သိမ်းပြီးစီးချိန်တွင် ဆည်ရေသောက်ရရှိသည့် လယ်မြေများတွင် မိုးသီးနှံများကို ထပ်မံစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မြစ်သားမြို့နယ်အတွင်းမှ တောင်သူများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် အခြား စိုက်ပျိုးသီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးသည့်သီးနှံများမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကင်းစင်ရေးနှင့် သွင်းအားစုများစနစ်တကျ အသုံးပြုနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## သစ်ပင်စိုက်ရာသီအတွင်း ပြင်ဦးလွင်မြို့နှင့်အနီးတစ်ဝိုက်တွင် သစ်ပင် ငါးထောင်ကျော် စိုက်ပျိုးသွားမည်

**မန္တလေး ဇွန် ၇**

Green Challenge Association သည် ၂၀၂၆ ခုနှစ် သစ်ပင်စိုက်ရာသီအတွက် အပင်စိုက်ပျိုးရေးလုပ်ငန်းများကို ဇွန်မှ ဩဂုတ် အထိ စုစုပေါင်း (၁၂) ကြိမ် စိုက်ပျိုးသွားရန် လျာထားပြီး သစ်ပင်ငါးထောင်ကျော် စိုက်ပျိုးသွားရန် ပြင်ဆင်ထားရှိကြောင်း သိရသည်။

အဆိုပါ စီမံချက်အရ ဇွန် ၇ ရက်တွင် မိုင်းလုံး အလယ်တန်းကျောင်း၌လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် သိင်္ဂါလမ်းမကြီး တစ်လျှောက်၊ ဇွန် ၂၁ ရက်တွင် နဝရတ်လမ်းမကြီးတစ်လျှောက်နှင့် ဇွန် ၂၈ ရက်တွင် ရတနာလမ်းမကြီးတစ်လျှောက်တို့၌ လည်းကောင်း အပင်များ စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့ပြင် ဇူလိုင်လအတွင်း ပြည်သာယာလမ်းမကြီး၊ ယုဇနလမ်းမကြီး၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပြီး ဩဂုတ်အတွင်း သိင်္ဂီလမ်းမကြီးတစ်လျှောက်၊ ကြီးကိုင်စာသင်ကျောင်း၊ နောင်လိုင် ဘုန်းတော်ကြီးကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ အပင်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အသင်း၏ ထုတ်ပြန်ချက်အရ အပင်စိုက်ပျိုးမှုတစ်ကြိမ်လျှင် အပင်အရေအတွက် ၃၀၀ မှ ၁၀၀၀ အထိ စိုက်ပျိုးသွားမည်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်များတွင် လိုအပ်ပါက ရက်အပြောင်းအလဲများ ရှိနိုင်ကြောင်း ဖော်ပြထားသည်။

Green Challenge Association ၏ မျှော်မှန်းချက်မှာ "လူငယ်တို့၏ စွမ်းပကားဖြင့် စိမ်းလန်းစိုပြည်၍ သာယာဝပြောသော အနာဂတ်ကမ္ဘာဆီသို့" ဖြစ်ပြီး သစ်တောနှင့် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး လှုပ်ရှားမှုများ အကောင်အထည်ဖော်ခြင်းနှင့် လူငယ်များ၏ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ပေးခြင်းတို့ကို ရည်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အပင်စိုက်ပျိုးခြင်း၊ ပျိုးပင်များ ပြုစုထိန်းသိမ်းခြင်း၊ မျိုးစေ့စုဆောင်းခြင်း၊ မျိုးစေ့မြေဆွေးလုံးများ ထုတ်လုပ်ဖြန့်ကြဲခြင်း၊ လူထုအကျိုးပြုလှုပ်ရှားမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-စ)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးခေတ်ရေလမ်းကြောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



ပုဂံ ဇွန် ၇

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ဆင်ကအုတ်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်ထားသော ပုဂံမြို့ဟောင်းရှိ Bagan Information and Training Center ၌ ခရီးသွားဧည့်သည်များအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် အဂ္ဂတေ့ဂူဘုရားနှင့် ပေါင်းကူးကုန်းဘုရားများ၊ အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ နန်းတော်ရာနေရာနှင့် ပုဂံရွှေနန်းတော်ကြီးကိုလည်းကောင်း၊ ပုတ္တလင်ဘုရားနှင့် သရဝတ်တံခါးအနီးရှိ ရေလမ်းကြောင်းအမှတ်(၁) တွင် ပါဝင်သော ပုဂံနန်းမြို့ရိုး အရှေ့ဘက်ကျုံးနေရာ အာနန္ဒာဂူဘုရားနှင့် ထီးလိုမင်းလိုဂူဘုရား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆွေးနွေးပြောကြား**

မွန်းလွဲပိုင်းတွင် Heritage Hotel ၌ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ ပုဂံဧည့်လမ်းညွှန်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားသယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ Bagan Plastic Campaign အဖွဲ့၊ နိုင်ငံပိုင်ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပုဂံဒေသတွင် ယဉ်ကျေးမှုကိုအခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

မကွေး ဇွန် ၇

ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁) နှင့် (၂)တို့တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နေရပ်ပြန်ပြည်သူ့စစ်မှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁)နှင့် (၂) တို့တွင် မကွေးတိုင်းဒေသကြီးမှ တာဝန်ထမ်းဆောင်ခဲ့ကြသူ ၃၁၆ ဦး အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကာ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# မွေးမြူရေးတောင်သူများအား ပံ့ပိုးပေးလျက်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇွန် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုရှိ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနမှ မွေးမြူရေးတောင်သူများအား ပံ့ပိုးပေးလျက်ရှိသည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် ရှင်းနီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလားတူ တောင်ညိုကျေးရွာအုပ်စုနှင့် သရက်တောကျေးရွာအုပ်စုတို့သို့ သွားရောက်၍ တိရစ္ဆာန်ကောင်ရေ တိုးတက်မွေးမြူရေး၊ တိရစ္ဆာန်အစာပင် စိုက်ပျိုး ကျေးမွေးရေးနှင့် မွေးမြူရေးစားကျက် ဖော်ထုတ်နိုင်မည့်အစီအစဉ်များ၊ မွေးမြူရေးလုပ်ငန်းတွင် ကြုံတွေ့ရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်တွင်းကြီးမြို့နယ် ဝါကြိတ်စက်ရုံသို့ ကြည့်ရှုစစ်ဆေး

**တောင်တွင်းကြီး ဇွန် ၇**

စက်မှုနှင့် အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်သည် ယမန့်နေ့ နံနက်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး၊ အမှတ်(၄) အထည်ချုပ်စက်ရုံခွဲ(ပွင့်ဖြူ)လက်အောက်ရှိ တောင်တွင်းကြီးမြို့ ဝါကြိတ်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ **(အောက်ဝဲပုံ)**



ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့ ဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံတာဝန်ခံက စက်ရုံနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်များ ကြံ့ခိုင်ရေးနှင့် လာမည့် ဘဏ္ဍာနှစ်တွင် nipla စက် ရှစ်လုံး၊ bajaj စက် ၁၄ လုံးဖြင့် ဝါပိဿာချိန် ငါးသိန်းကျော် ကြိတ်ခွဲနိုင်ရေး လျာထားလျက်ရှိပြီး ဝါကြိတ်ခွဲမည့်စက်များ အဆင်သင့်ဖြစ်စေရေး၊ ဝါစက်လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းကောင်းမှ ကုန်ချောကောင်းမည်ဆိုသည့်အတိုင်း ကုန်းကြမ်းဝါများကို စိစစ်ရွေးချယ်ဝယ်ယူထားရှိနိုင်ရေး၊ စက်ပစ္စည်းများကိုလည်း အမြဲကောင်းမွန်အောင် ပြုပြင်ထားနိုင်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ နှောင့်နှေးမှုမဖြစ်ပေါ်စေရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိသနိုး)**

MANDALAY City Development Committee
- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

( ၂ ) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

( ၃ ) သဘာဝဘေးဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များကို ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

( ၄ ) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များကို ဘေးလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့ နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

( ၅ ) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

( ၆ ) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင်ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင်ထားရှိရန်၊

( ၇ ) မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

( ၈ ) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

( ၉ ) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမာန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၁၀) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန် ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့် (၁) သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သော ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု
တားဆီးကာကွယ်ရေးဆိုင်ရာ
ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

## ပျဉ်းမနားမြို့နယ် အောင်သိဒ္ဓိကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား ဇွန် ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရာသီမရွေး ဖူလုံစွာရရှိစေရေးအတွက် အောင်သိဒ္ဓိကျေးရွာတွင် ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမောင်နှင့် တာဝန်ရှိသူများသည် အောင်သိဒ္ဓိကျေးရွာတွင် ရက်(၁၀၀)စီမံချက်ဖြင့် အရှည် ပေ ၅၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက ရေပေးဝေရေးစနစ် ရေရှည်တည်တံ့စေရန် ကျေးရွာရေကော်မတီနှင့် ရွာသူ၊ ရွာသားများ စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် အောင်သိဒ္ဓိကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ပိုမိုလွယ်ကူစွာ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

**နေပြည်တော် ဇွန် ၇**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ **“၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်”** ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ခုနစ်ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇွန် ၇**

ယနေ့ နံနက် ၁၁ နာရီ ၄၂ မိနစ် ၂၇ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မော်လိုက်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

# ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး တာချီလိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဇွန် ၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဝမ်ကောင်းရပ်ကွက်၊ ဘုရင့်နောင်ဈေးလမ်း အရှည်ပေ ၁၀၈၀၊ အကျယ် ၁၈ ပေ၊ ထု ၁၀ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပုန်းထွန်ရပ်ကွက်၊ အမှတ်(၆)လမ်း၊ အလှူရာဟိုတယ်အနီး မယ်ဆိုင်ချောင်း ကမ်းဘေးအရှည်ပေ ၁၄၂၀ ရှိ မြေထိန်းနံရံတည်ဆောက်ထားရှိမှုနှင့် ပုန်းထွန်လမ်းသွယ်(၁)ရှိ Box Cul-nvert တစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသခဲ့ပြီး ဆန်ဆိုင်း (က)ရပ်ကွက်ရှိ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးလုပ်ငန်းသို့ သွားရောက်၍ မြို့သန့်ရှင်းရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တာဝန်ရှိသူများက မြို့ရေပေးဝေရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် မယ်ခေါင်ချောင်းအတွင်း နုန်းဆယ်ယူနေမှုနှင့် ရွှေဝါနဒီပန်းခြံ တည်ဆောက်ထားရှိမှုအခြေအနေအား လည်းကောင်း၊ ထက်ကောင်းကင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် မယ်ခေါင်ချောင်း ရေထိန်းတံခါး(Sluice Gate) တည်ဆောက်ထားရှိမှုနှင့် မယ်ဆိုင်ချောင်းရေစီးဆင်းမှုအခြေအနေများကိုလည်းကောင်း၊ ဆေခမ်းရပ်ကွက် (စက်မှုဇုန်)အတွင်းရှိ ဝက်သားသတ်ရုံ စက်ရုံတည်ဆောက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးက လုပ်ငန်းများ ပုံမှန်လည်ပတ်မှုရှိစေရေးနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀



# ရောဂါရှာဖွေ ဆေးကုသပေးခြင်းလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်



**ပြင်ဦးလွင် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ရက်ပေါင်း (၁၀၀) ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက် ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့မှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နယ်လှည့်ကွင်းဆင်း အခမဲ့ဆေးကုသမှုလုပ်ငန်းများကို ( One Stop Service of mobile Medical Team from 300 beded POLGH ) ယနေ့ နံနက် ၈ နာရီမှစတင်၍ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအုပ်စုရှိ ဝက်ဝံတိုက်နယ်ဆေးရုံ၌ ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသခြင်း ဆောင်ရွက်မှုတွင် ပြင်ဦးလွင်ခရိုင်ကုသရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီးဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် သူနာပြုများသည် ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာရှိ ဝက်ဝံတိုက်နယ်ဆေးရုံတွင် အထိုင်ချ၍ ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေပြည်သူလူထုအား အထွေထွေရောဂါကုသခြင်း၊ ကလေးလူနာများကုသခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကြည့်ရှုပေးခြင်း၊ မီးယပ်လူနာများအား ကြည့်ရှုပေးခြင်း၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ပေးခြင်း၊ ခွဲစိတ်လူနာများအား ကြည့်ရှုပေးခြင်း၊ အရိုးနှင့် ထိခိုက်ဒဏ်ရာရ လူနာများအား ကြည့်ရှုပေးခြင်း၊ အကြောအဆစ်နှင့်ပတ်သက်၍ ကုသပေးခြင်း၊ သွားနှင့် ခံတွင်းရောဂါများအား ကုသပေးခြင်း၊ မျက်စိလူနာများအား စမ်းသပ်ကုသပေးခြင်း၊ မျက်မှန် အခမဲ့စမ်းသပ် လှူဒါန်းခြင်း၊ Ultrasound အခမဲ့ရိုက်ကူးပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ ဓာတ်ခွဲ အခမဲ့ စစ်ဆေးပေးခြင်း၊ ECG အခမဲ့ ဆွဲပေးခြင်း၊ ဆေးဝါး အခမဲ့ထုတ်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆေးဝါးကျွမ်းကျင်အဖွဲ့က ကျေးလက်နေပြည်သူ ၁၃၆၀ ဦးတို့အား စမ်းသပ်ကုသပေးခဲ့ကာ ဆေးဝါးများ အခမဲ့လှူဒါန်းခဲ့ပြီး အရေးပေါ်ဆေးရုံတက်ရောက်ရမည့် လူနာများအား ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးသို့ ကုသရန် လွှဲပြောင်းပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# သရက်မြို့၌ စာပေချစ်မြတ်နိုးသူများ Book Club အဖွဲ့မှ စာဖတ်ဝိုင်း ကျင်းပ

**သရက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် စာပေချစ်မြတ်နိုးသူများ Book Club အဖွဲ့မှ စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသည့် ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း စာအုပ်အား ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က စာရေးဆရာ၏ ကိုယ်ရေးအကျဉ်းနှင့် ထုတ်ဝေခဲ့သည့် စာအုပ်များအား ဖတ်ကြားရှင်းလင်းဆွေးနွေးပြီး စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသည့် "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်းစာအုပ်" မှ တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူများက အခန်းလိုက် တစ်ဦးချင်းမှ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အတွေးများ၊ စာရေးဆရာ၏ စာဖတ်သူများအား ပေးချင်သည့် ဗဟုသုတများ၊ စာပေအလင်းများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

**ဥတု ရာသီ တော ကို မှီ၏**

☼ စာမျက်နှာ ၂၄ မှ

ခရီးစဉ်အတွင်း FIFA Mentor သည် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်း နည်းပြအဖွဲ့၊ နည်းစနစ်တာဝန်ရှိသူများ၊ Sports Science နှင့် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကစားသမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒဏ်ရာကာကွယ်ရေးနှင့် ပြန်လည်သက်သာရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ကစားသမားအချက်အလက်စီမံခန့်ခွဲရေး၊ စမ်းသပ်တိုင်းတာခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များအပြင် လေ့ကျင့်ရေးအစီအစဉ်များ ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ ထို့ပြင် FIFA Mentor သည် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း၏ လေ့ကျင့်မှုများကို လေ့လာကြည့်ရှုခဲ့ပြီး နည်းပြအဖွဲ့နှင့် တွေ့ဆုံ၍ ကစားသမားများ၏ ကြံ့ခိုင်မှု၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် နည်းပညာပိုင်းဆိုင်ရာ အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အလားတူ FIFA Mentor သည် မြန်မာအမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် ကလပ်အသင်းများ၏ လေ့ကျင့်ရေးစံနှုန်းများနှင့် ကစားသမားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာစေရေးကို ရည်ရွယ်၍ မြန်မာအမျိုးသမီးလိဂ်ကလပ်အသင်းများမှ နည်းပြများနှင့် တွေ့ဆုံခဲ့သည်။ ဆွေးနွေးမှုများအတွင်း အသင်းလေ့ကျင့်ရေးဆိုင်ရာ အတွေးအခေါ်များ၊ ရာသီကြိုပြင်ဆင်မှု (Pre-Season Preparation)၊ အပတ်စဉ်လေ့ကျင့်ရေးစီမံကိန်းများ (Weekly Periodization)၊ ကစားသမားကြံ့ခိုင်မှု စီမံခန့်ခွဲရေးနှင့် Recovery ဆိုင်ရာ အတွေ့အကြုံများကို မျှဝေခဲ့ကြသည်။

Mr. Nick Harvey သည် England FA တွင် Performance Educator နှင့် Consultant Physical Performance Coach အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး Reading FC နှင့် Southampton FC တို့တွင်လည်း ကြံ့ခိုင်ရေးဆိုင်ရာ ရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ လက်ရှိတွင် FIFA Mentor တစ်ဦးအနေဖြင့် နိုင်ငံလက်ရွေးစင်အသင်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **(NGB)**

❖ အာဆီယံ ယူ-၁၉ မှ

မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရဘဲ ၄၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ပြန်လျှံထွက်လာသောဘောလုံးကို မာစီယိုက ကန်သွင်းခဲ့သဖြင့် တီမောအသင်း ဦးဆောင်ဂိုးရခဲ့သည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် အားထည့်ကစားလာပြီး ၄၈ မိနစ်တွင် လမင်းပြည့်စုံက ချေပဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဆက်တိုက်ဖိကစားခဲ့ပြီး ၆၇ မိနစ်တွင် စွမ်းဇာနည်က ဒုတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ၉၀+၁ မိနစ်တွင် စိုင်းဘိုဘိုကျော်က သွင်းယူခဲ့သည်။

အုပ်စု (A) အခြားပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (A) ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက ကိုးမှတ်၊ ဗီယက်နမ်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းက သုံးမှတ်ရခဲ့ပြီး တီမောအသင်းမှာမူ အမှတ်မရခဲ့ပေ။ အင်ဒိုနီးရှားအသင်းသည် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ဒုတိယရခဲ့သည့် ဗီယက်နမ်အသင်းမှာမူ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြားအုပ်စုများမှ အုပ်စုဒုတိယနေရာရအသင်းများ၏ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ – MFF**



## ကျောင်းဝတ်စုံ ၂၀၀ လှူဒါန်း

**မန္တလေး ဇွန် ၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက် လူမျိုးစုံ တိုင်းရင်းသား မိဘမဲ့ကလေးငယ်များအတွက် အလှူရှင် မသိင်္ဂီဝင်းနှင့် သူငယ်ချင်းများအဖွဲ့က ကာလတန်ဖိုး ငွေကျပ် ရှစ်သိန်းကျော် တန်ဖိုးရှိ ကျောင်းဝတ်စုံ ၂၀၀ ကို ယမန်နေ့က အဆိုပါကျောင်းတိုက်တွင် လာရောက်လှူဒါန်းရာ ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမင်္ဂလ (ဓမ္မာစရိယ၊ B.A)ဆရာတော်က လှူဒါန်းမှုအတွက် ရေစက်ချ တရား ဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်တို့အတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများပြုပြင်ရန် စေတနာရှင်များက ငွေများလှူဒါန်း

**မန္တလေး ဇွန် ၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမြင့် ၇၇၆ ပေတွင်တည်ရှိပြီး တောင်ကိုးလုံး ခြံရံလျက်ရှိသော မန္တလေးတောင်တော်ကြီးကို သက္ကရာဇ် ၁၀၁ ခုနှစ်မှစတင်ပြီး ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ဘုရား၊တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်များအား တည်ဆောက်ပြုလုပ်လှူဒါန်း ကိုးကွယ်ခဲ့ကြသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက ငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇွန် ၆ရက် နံနက်ပိုင်းက ဆုတောင်းပြည့်ဘုရားရင်ပြင်တော် ဂုံးတစ်ဂုံးပြုပြင်ရန် အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ+ ဒေါ်ခင်အုန်းမြ မိသားစုက ငွေကျပ် ၁၂ သိန်းကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။



မန္တလေးတောင်တော် ဘက်စုံပြုပြင်ရန်အတွက် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၇၈၇၆၅၉၇၇၅၊ ၀၉-၄၄၁၀၃၈၈ ၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

## မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်းပေါ်ထွန်းရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ချောက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်း ပေါ်ထွန်းရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်းပေါ်ထွန်းရေးအလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်စကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက မြို့နယ်အတွင်း ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းပေါ်ထွန်းရေး ဆောင်ရွက်ရမည့် အချက်အလက်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြား၍ အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းများကထွာအလိုက် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချောက်မြို့နယ်မှ ကျန်းမာရေးဝန်ထမ်းနှင့် ပညာရေးဝန်ထမ်းနည်းပြ ဆရာ၊ ဆရာမလေးဦးတို့က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၂၀၀ဦးတို့အား ဇွန် ၆ရက်မှ ၇ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နှစ်ရက်တာ ကျောင်းအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးအဆင့်မြင့်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အဆင့်အလိုက် ခွဲခြားသတ်မှတ်ရမည့် လုပ်ငန်းတာဝန်တို့အား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်မိုး(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ ဆောင်ရွက်ပေး

**မြင်းခြံ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ရက် (၁၀၀) လမင်း စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်များနှင့် UID Card များကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**



မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်းတို့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ရက်(၁၀၀)လမင်း စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ နေ့ချင်းပြီး ဆောင်ရွက်ပေး၍ ကာယကံရှင်များ လက်ဝယ်အရောက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(၃၆၆)**

## မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

**မူဆယ် ဇွန် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို မီးသတ်ဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်စီမံကိန်းဦးစီးမှူး ဦးကျော်မင်းသိန်းက သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)တွင် တက်ရောက်ခဲ့သော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ထို့နောက် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သင်တန်းသားများနှင့် အိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းသူများက လက်တွေ့ငြိမ်းသတ်ခြင်းများ ပြသဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ သင်တန်းသူများအား မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများ၏ လုပ်ဆောင်ချက်များအား မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



## လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းမှ သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**တံတားဦး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် သူငယ်တော်ကျေးရွာ ရွှေငယ်မြေလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း စပါးစိုက် အသင်းသားတောင်သူများအား လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းမှ သွင်းအားစုထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာကိုးတောင်ပြည့် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းပြောကြား၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နောင်က သွင်းအားစုများထောက်ပံ့ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကသွင်းအားစုများကို အသင်းသားတောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## တာရှည်ခံဆေးများကြောင့် သွေးတိုးနှင့် နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်မည်

လူဦးရေ ၁၁၂၀၀၀ ကျော်ကို အခြေခံ၍ ပြုလုပ်ခဲ့သည့် သုတေသနအရ ပြုပြင်ဖန်တီးထားသော အစားအစာများတွင် အများဆုံးအသုံးပြုလေ့ရှိသည့် တာရှည်ခံဆေးများသည် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက်စေနိုင်မည်ဟု ဆိုသည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း တာရှည်ခံဆေးများသည် စူပါမားကတ်စင်ပေါ်ရှိ ထုပ်ပိုးထားသော ပေါင်မုန့်များမှအစ ပြုပြင်ထားသော အသားများအဆုံး အစားအသောက်မျိုးစုံကို တာရှည်ခံစေရန်နှင့် ပြတ်လပ်မှုမရှိစေရန် ကူညီပေးခဲ့သော်လည်း ဖြည့်စွက်ဓာတုပစ္စည်းအချို့သည် မျှော်လင့်မထားသော ဆိုးကျိုးများ ဖြစ်လာစေနိုင်ကြောင်း သုတေသနအသစ်က ထောက်ပြထားသည်။

ပြင်သစ်အမျိုးသား ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ သုတေသနအဖွဲ့မှ သုတေသနဒါရိုက်တာ ဒေါက်တာ မာသီးလ် တိုဗီယာနှင့် ပါရဂူဘွဲ့သင်တန်းသူ အန်နာအစ် ဟာဆန်ဘိုလာတို့က ယင်းသုတေသနကို ဦးဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Spirit မှာ အိန္ဒိယ-ကိုရီးယား အက်ရှင်ဒရာမာဇာတ်ကားဖြစ်




ဘောလိဝုဒ် အနုပညာရှင် ဘာဟုဘာလီမင်းသား ပရာဘတ်စ် နှင့် ကိုရီးယားထိပ်တန်းသရုပ်ဆောင် မာဒုံဆော့တို့ ပါဝင်ထားသည့် Spirit မှာ အိန္ဒိယ-ကိုရီးယား အက်ရှင်ဒရာမာဇာတ်ကားကြီးဖြစ်ကြောင်း ဘောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် လူ့ဘဝကို မာနနှင့် အာဏာသုံးပြီး လမ်းကြောင်းမှန်မသွားသည့် လူတစ်ယောက်၊ မိမိဆုံးဖြတ်ချက်နှင့် အန္တရာယ်ကြီးထဲ ဝင်ရောက်သွားပုံကို ရိုက်ကူးထားသည်။

သူ့ဘဝတွင် ရန်သူများ၊ လှည့်စားမှုများ၊ သစ္စာဖောက်မှုများ ဆက်တိုက်ဝင်လာ၍ ယုံကြည်မှု ကင်းမဲ့လာရာမှ အတိတ်က လျှို့ဝှက်ချက်များ ပေါ်လာ၍ နောက်ဆုံးတွင် မိမိဆုံးဖြတ်ချက်နှင့် ရွေးချယ်ခဲ့သည့် လမ်းကြောင်းအတွက် တန်ဖိုးကြီးပေးဆပ်မှုနှင့်အတူ အမှန်တရားကို ရင်ဆိုင်ရပုံအကြောင်း အက်ရှင်ဒရာမာအဖြစ် တင်ဆက်ထားသည်။ ဘာဟုဘာလီမင်းသား ပရာဘတ်စ်နှင့် မာဒုံဆော့တို့နှစ်ဦးကို အတူတွဲမြင်တွေ့ကြရသဖြင့် ပရိသတ်အားပေးမှုကို တစ်ခဲနက်ရရှိထားသည်။ (SKY)

## Seth Peterson @ Adam Aguirre ရုတ်တရက် ကြွေလွင့်သွား


ဟောလိဝုဒ် အနုပညာလောကတွင် ကျော်ကြားသော အနုပညာရှင် ဆီသ်ပီတာဆန်(ခေါ်)အဒန်အာဂူရီသည် အသက်(၂၈)နှစ်နှင့် ရုတ်တရက် ကြွေလွင့်သွားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အနုပညာအမည် ဆီသ်ပီတာဆန်၏ အမည်ရင်းမှာ အဒန်အာဂူရီသည် ၂၀၂၀ ပြည့်နှစ်မှစ၍ Helix စတူဒီယိုနှင့် အနုပညာလုပ်ငန်းများ စတင်ခဲ့ကာ ဆုအမျိုးမျိုးအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့သူလည်း ဖြစ်သည်။

ဆီသ်ပီတာဆန်သည် အော်ရီဂွန်ပြည်နယ်၊ ပို့တ်လန်းမြို့တွင် တစ်ဦးတည်း ခေတ္တငှားရမ်း နေထိုင်သောအိမ်အတွင်း သေဆုံးလျက် တွေ့ရှိကာ ရက်တစ်ပတ်ကျော် ဖုန်းကိုင်ခြင်းမရှိခဲ့ချေ။ လက်ရှိအချိန်အထိ သေဆုံးရခြင်းအကြောင်း တရားဝင်ထုတ်ပြန်နိုင်ခြင်းမရှိ၍ မိသားစုဝင်များ ပူဆွေးနေကြသည်။

မိခင်ဖြစ်သူ တက်ဖနီအာဂူရီက အမှန်တရားကို သိရှိရန် ပို့တ်လန်းမြို့သို့ ကိုယ်တိုင်သွားရောက် စုံစမ်းနေကာ "ကျွန်မတို့ဘာဖြစ်ခဲ့တယ်ဆိုတာပဲ သိချင်တာပါ"ဟု ပြောခဲ့သည်။ အသက် ၂၈ နှစ်နှင့် လုပ်ဖော်ကိုင်ဖက်နှင့် ပရိသတ်များကြား၌ ရေပန်းစားခဲ့သူဖြစ်၍ ရုတ်တရက် ကြွေလွင့်မှုအပေါ် ဝမ်းနည်းစကားပြောကြားထားသည်။ (SKY)








## Subedaar ရုပ်ရှင်တွင် Anil Kapoor ပါဝင်

ဟင်ဒီအက်ရှင်ဇာတ်ကား Subedaar တွင် ဝါရင့်ဘောလိဝုဒ်မင်းသားကြီး အနီးလ်ကပူးလ် ပါဝင်သရုပ်ဆောင်ထား၍ ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် စော်ကားခြင်းမခံနိုင်သည့် သက်တော်စောင့် စစ်ပြန်ကြီးတစ်ဦး၏ အကြောင်း ရိုက်ကူးတင်ဆက်ထားသည်။

တိုင်းပြည်တာဝန်ကို (၂၅)နှစ်တိုင်တိုင် နယ်စပ်ဒေသတွင် ထမ်းဆောင်ခဲ့ပြီး ပြန်လာချိန်တွင် ဇနီးကွယ်လွန်၍ သမီးဖြစ်သူနှင့်အတူ မတည့်အတူနေခဲ့ရသည်။

သက်တော်စောင့်အလုပ်ဝင်ရာမှ အလုပ်ရှင်၏ မောက်မာမှု၊ ယုတ်မာမှုတို့ကြောင့် အလုပ်ထွက်ခဲ့ပြီးနောက် စိတ်ထိန်းကာ ရန်ပွဲများကို ရှောင်ခဲ့သော်လည်း ရန်စအန္တရာယ်ကို ရှောင်တိမ်းမရသည့်အခါ တတ်သည့်ပညာမနေသာသည့် အက်ရှင်ဇာတ်ကြမ်းကြီးဖြစ်ခဲ့တော့သည်။ (SKY)

## Jimin က Arirang အယ်လ်ဘမ်တွင် ဂီတသံစဉ် ၁၃ မျိုးနှင့် သီဆို

BTS အဖွဲ့၏ ဂီတသစ် Arirang တွင် Track ၁၃ ပုဒ်၌ Vocal Range Style ၁၃ မျိုးနှင့် သီဆိုသွားသည့် Jimin (ခေါ်) Park Jimin ကို ပရိသတ်က ချီးကျူးထားကြသည်။

အဆိုပါအယ်လ်ဘမ်တွင် Jimin က သီချင်းတစ်ပုဒ်စီတိုင်း၏ သီဆိုပုံနှင့် အသံကို လုံးဝပြောင်းလဲထားပြီး သူ၏အသံထွက် Spectrum ကို ပိုတိုးချဲ့ပြသထားရာ အသံ ၁၃ မျိုးနှင့် သီဆိုပြသခဲ့ရာ နိုင်ငံတစ်ဝန်းမှ ဂီတချစ်သူပရိသတ်က ချီးကျူးခဲ့ကြသည်။



Jimin ၏ လှပ၍ တစ်မူထူးခြား သိမ်မွေ့သည့်အသံမှ နူးညံ့သည့် အမြင့်ဆုံးနက်ရှိုင်းသည့် Midbass အထိ သီချင်းတစ်ပုဒ်ချင်းစီကို ကွဲပြားသည့် Texture နှင့် ပေါင်းစပ်၍ ပြသခဲ့သည်။

အထူးသဖြင့် Swim သီချင်းတွင် လှပသည့်အသံ Normal တွင် စည်းချက်ပြည့် Vibe နှင့် ဆွဲဆောင်မှုရှိသည့် အသံစသည့် Track ၁၃ ပုဒ်တွင် Vocal Range Style ၁၃ မျိုးနှင့် သီဆိုပြသသွားနိုင်ရန် နိုင်ငံတကာ ဂီတချစ်ပရိသတ်များက ဂျီမင်အသံကို ချီးကျူးထားကြသည်။ (SKY)

## Byeon Woo Seok ခေတ်သစ်နန်းတွင်းဝတ်စုံနှင့် ရေပန်းစားလာ



အမ်ဘီစီ၏ Romance Comedy ဇာတ်လမ်းတွဲသစ်တွင် Perfect Crown တော်ဝင်မင်းသားအဖြစ် ဗြောင်ဝူဆွတ်ကို ခေတ်သစ်နန်းတွင်းဝတ်စုံနှင့်မြင်တွေ့ရ၍ ပရိသတ်ကြား၌ ရေပန်းစားနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် Byeon Woo Seok က တော်ဝင်မျိုးနွယ် မင်းသားလေးအဖြစ် ပါဝင်ထားပြီး သူ့အရပ်နှင့် လိုက်ဖက်သော ခေတ်သစ်နန်းတွင်းဝတ်စုံနှင့် ခန့်ညားစွာ မြင်တွေ့ရမည်ဖြစ်သည်။

အဆိုတော်၊ သရုပ်ဆောင် IU (ခေါ်)Lee Ji Eun နှင့်တွဲ၍ လိုက်ဖက်ညီစွာ ဇာတ်အိမ်ထူးခြားစွာနှင့် ဆွဲဆောင်မှုရှိပြီး ဧပြီ ၁၀ ရက်တွင် ထွက်ရှိခဲ့ရာ ပရိသတ်ကြား၌ ဝတ်စုံနှင့်လိုက်ဖက်နေ၍ ရေပန်းစားခဲ့သည်။ (SKY)

၀ - ၀ - ၀ - ၀ - ၀

## Kim Jisoo@Jisoo က Madame Flgaro Rising Star ဆုရရှိ


ဘလက်ပင့်ခ်အဖွဲ့ခေါင်းဆောင် ဂျီဆူ(ခေါ်) ကင်ဂျီဆူသည် ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတကာ ရုပ်သံဇာတ်လမ်းတွဲဆုပေးပွဲတွင် အာရှတိုက်၏ ပထမဆုံးအနုပညာရှင်အဖြစ် Madame Flgaro Rising Star ဆုနှင့် သမိုင်းမှတ်တိုင်သစ် ရေးထိုးခဲ့ကြောင်း ကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် ရရှိခဲ့သော ဆုမှာ ပြင်သစ်နိုင်ငံ၏ နာမည်ကြီး Madame Flgaro မဂ္ဂဇင်းမှ စိစစ်ရွေးချယ်ကာ ရုပ်သံဇာတ်လမ်းတွဲလောကတွင် အရည်အချင်းရှိပြီး အလားအလာကောင်းသည့် တက်သစ်စ မင်းသမီးများကို ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ဆုဖြစ်သည်။

ဂျီဆူပါဝင်ခဲ့သည့် Snow Drop မှာ ပွဲဦးထွက်လှပခဲ့ပြီး နောက်ဆုံးထွက်ရှိထားသည့် Boyfriend On Demand ရုပ်သံတွင်လည်း ချီးကျူးခံရကာ First Asian Actress, First Korean Actress, First K-pop Actress မှတ်တိုင်ကြီးသုံးခုကို တစ်ပြိုင်နက် ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ (SKY)



# ပါကစ္စတန်နိုင်ငံ၌ စားရေရိက္ခာဖူလုံရေးဆိုင်ရာ မဟာဗျူဟာချမှတ်ဆောင်ရွက်



**အစ္စလာမာဘတ် ဇွန် ၇**

ပါကစ္စတန်အစိုးရအနေဖြင့် နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေး၊ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် စိုက်ပျိုးသီးနှံများ မြှင့်တင်ထုတ်လုပ်ရေးအတွက် ပြီးပြည့်စုံသည့် မဟာဗျူဟာချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က ဇွန် ၇ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်ပူးပေါင်းကာ ရောဂါပိုးမွှားကင်းပြီး အာဟာရပြည့်ဝသည့် အစားအသောက်များ ထုတ်လုပ်ရေး မြှင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း ကမ္ဘာ့စားရေရိက္ခာဘေးကင်းလုံခြုံရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် ၎င်းကပြောကြားသည်။

စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေး ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် လယ်သမားများ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများ၊ သုတေသီများအား ဂုဏ်ပြုကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်ကျင်းပသည့် ကမ္ဘာ့စားရေရိက္ခာဘေးကင်းလုံခြုံရေးနေ့၏ ဆောင်ပုဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပြီး အစားအသောက်မှတစ်ဆင့် ဖြစ်လာသည့် ရောဂါပိုးမွှားများကို ကာကွယ်မည်ဟု ၎င်းကပြောကြားသည်။

နိုင်ငံအတွင်း စိုက်ပျိုးမြေလုံလောက်စွာရှိခြင်း၊ အရင်းအမြစ်များကြွယ်ဝခြင်းနှင့် လုပ်ငန်းကျွမ်းကျင်သည့် လယ်သမားများရှိခြင်း စသည့်အားသာချက်များ ရှိသကဲ့သို့ ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှု၊ လူဦးရေများပြားမှုနှင့် သုတေသနလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်း စသည့်အားနည်းချက်များလည်းရှိကြောင်း ၎င်းကပြောကြားသည်။ ယင်းအားနည်းချက်များကို ဖြေရှင်းဆောင်ရွက်ရေးအတွက် အမျိုးသားစားရေရိက္ခာဖူလုံရေးနှင့် သုတေသနဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံသားများအနေဖြင့် အစားအသောက်ဘေးကင်းရေး စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ၎င်းကပန်ကြားခဲ့သည်။

**ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်ပြည်ထောင်စုအလယ်ပိုင်း တိုလေးဒိုးမြို့တွင် သေနတ်ပစ်မှုဖြစ်ပွား၊ လူ ၁၂ ဦးထက်မနည်း ဒဏ်ရာရရှိ



**ဝါရှင်တန် ဇွန် ၇**

အမေရိကန်ပြည်ထောင်စု အလယ်ပိုင်း အိုဟိုင်းယိုးပြည်နယ် တိုလေးဒိုးမြို့ရှိ ပွဲတော်တစ်ခု အနီးတွင် လူ ၁၂ ဦးထက်မနည်း သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီးနောက် ရဲတပ်ဖွဲ့က သံသယရှိသူများကို လိုက်လံရှာဖွေနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တိုလေးဒိုးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ ပစ်ခတ်ခံရသူ ၁၀ ဦးမှာ ကျန်းမာရေးအခြေအနေ တည်ငြိမ်လျက်ရှိပြီး နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်ဟု ဆိုသည်။

ဇွန် ၆ ရက်ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၇ မိနစ်ခန့်တွင် အိုးလ်ဝက်စ်အန် ပွဲတော်အနီး ပစ်ခတ်မှုဖြစ်ပွားသည်ဟု သတင်းပေးပို့ချက်အရ ရဲတပ်ဖွဲ့က သွားရောက်ဖြေရှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

**STOP AIDS**

## အသေးစားနှင့် အလတ်စားလုပ်ငန်းများဝန်ကြီး ဟန်ဆောင်ဆွတ်အား တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ဝန်ကြီးချုပ်အမည်တင်သွင်း

**ဆိုးလ် ဇွန် ၇**

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ ဝန်ကြီး ဟန်ဆောင်ဆွတ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် ရွေးချယ်လိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အဆိုပါခန့်အပ်မှုကို လွှတ်တော်က အတည်ပြုပေးပါက ဟန်ဆောင်ဆွတ်သည် တောင်ကိုရီးယားနိုင်ငံ၏ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးသော အမျိုးသမီး ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်သည်။

ယခင်က တောင်ကိုရီးယား၏ နည်းပညာကုမ္ပဏီကြီး တစ်ခုတွင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဟန်ဆောင်ဆွတ်သည် နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဦးဆောင်



ရမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ထမ်းအကြီးအကဲ ကန်ဟွန်းဆစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ပထမဆုံး ပြည်တွင်းထုတ် အကြီးစားအပျော်စီးသင်္ဘောကြီး ဦးတည်ရာမဲ့ အပျော်စီးခရီးစဉ်ကို ရှန်ဟိုင်းမြို့မှ စတင်

**ပေကျင်း ဇွန် ၇**

တရုတ်နိုင်ငံ၏ ပထမဆုံး ပြည်တွင်းထုတ် အကြီးစားအပျော်စီးသင်္ဘောဖြစ်သည့် အဒိုရာ မာဂျစ်စီးတီးသည် ဇွန် ၆ ရက်တွင် ရှန်ဟိုင်းမြို့မှ စတင်ထွက်ခွာသွားခဲ့ပြီး နိုင်ငံ၏ ပထမဆုံးသော ဦးတည်ရာမဲ့ အပျော်စီးခရီးစဉ်ကို စတင်လိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

သာမန်အပျော်စီးခရီးစဉ်များနှင့် မတူဘဲ ယခုခရီးစဉ်အသစ်သည် သင်္ဘောကို ရှန်ဟိုင်း ဝူဆုန်ခို အပြည်ပြည်ဆိုင်ရာ အပျော်စီးသင်္ဘောဆိပ်ကမ်းမှ စတင်ထွက်ခွာပြီး အခြားမည်သည့် ဆိပ်ကမ်းမှ ရပ်နားခြင်းမရှိဘဲ ပင်လယ်ပြင်အတွင်း၌သာ ရွက်လွှင့်မောင်းနှင်ခြင်းဖြစ်သည်။

ယင်းအပျော်စီးသင်္ဘောကြီး၏ သုံးရက်နှစ်ည ခရီးစဉ်သည် ခရီးသည်များအား ဆိပ်ကမ်းတစ်ခုမှ တစ်ခုသို့ အလျင်အမြန်သွားရောက်ရန် မလိုဘဲ စိတ်အေးချမ်းသာစွာဖြင့် ခရီးစဉ်ကို အပြည့်အဝ ခံစားနိုင်စေရန် စီစဉ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။



**Mon**

၀-၀-၀-၀-၀



## မျိုးသုဉ်းရန်အန္တရာယ်ရှိသော အနီရောင်ပန်ဒါဝက်ဝံ တစ်စုံကို ထိုင်ဝမ်ကျွန်း တိုင်ပေမြို့တော်ရှိ တိရစ္ဆာန်ရုံက လက်ခံရရှိ

**ပေကျင်း ဇွန် ၇**

တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်း တိုင်ပေမြို့တော်ရှိ တိရစ္ဆာန်ရုံသို့ မျိုးသုဉ်းရန်အန္တရာယ်ရှိသော အနီရောင်ပန်ဒါဝက်ဝံ တစ်စုံကို တရုတ်ပြည်မကြီးမှ ပေးပို့ရာ ယမန်နေ့က လက်ခံရရှိခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အသက် သုံးနှစ်အရွယ် အထီးနှင့် အသက် နှစ်နှစ်အရွယ် အမဖြစ်သော အဆိုပါပန်ဒါဝက်ဝံများကို တစ်လကြာ သီးသန့်ခွဲထားပြီးနောက် တိုင်ပေမြို့တော် တိရစ္ဆာန်ရုံရှိ ၎င်းတို့၏ နေအိမ်သစ်နှင့် အသားကျပြီးမှသာ အများပြည်သူကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်သည်။

အဆိုပါပန်ဒါဝက်ဝံ နှစ်ကောင်ကို ယခုအချိန်အထိ အမည်ပေးထားခြင်း မရှိသေးကြောင်း သိရသည်။

**Mon**



## ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ မီးဘေးလုံခြုံရေး စစ်ဆေး

**မင်းဘူး ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ရက်(၁၀၀)အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဒေသခံပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့ပေါ်ရပ်ကွက်ရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်း ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရက်(၁၀၀)အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဒေသခံပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့ပေါ်ရပ်ကွက်ရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ၌ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက် စံနှုန်းများနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှု ရှိမရှိစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ထပ်မံဖြည့်ဆည်းထားရှိရေးတို့ကို အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## စက်သုံးဆီအရောင်းဆိုင်များနှင့် တည်းခိုခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ကလေးဝ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် ယမန်နေ့ နံနက် ၉ နာရီက စက်သုံးဆီအရောင်းဆိုင်များနှင့် တည်းခိုခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်နှင့် တည်းခိုခန်းလေးခုတို့အား မီးချိတ်၊ မီးကတ်၊ လှေကား၊ သဲအိတ်၊ မီးသတ်ဆေးဘူးနှင့် ရေပုံးများ၊ မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၅ ရက် ည ၁ နာရီ ၄၅မိနစ်က တာချီလိတ်မြို့နယ်၊ ပါဘီး(၃)ကျေးရွာအနီးတွင် လော်ပီးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်ပီး(၃၃)နှစ်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ်သိန်း ၁,၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇွန် ၄ ရက် ည ၉ နာရီ ၁၀ မိနစ်က သာစည်မြို့နယ်၊ ကျဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေရာ တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် သက်ကိုဝင်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀,၀၀၀၊ မြန်မာငွေကျပ် ၃၀,၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇွန် ၅ ရက် နံနက် ၂ နာရီတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ စိုင်းညွန့်(ခ)မင်းညွန့်ဆိုသူအား ၎င်းနေထိုင်သည့် တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်ရှိ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ကိုကို(ခ)သားငယ်ဆိုသူအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် သက်ကိုဝင်း(၃၆)နှစ်၊ စိုင်းညွန့်(ခ)မင်းညွန့်(၃၁)နှစ်နှင့် အောင်ကိုကို(ခ)သားငယ်(၄၁)နှစ်ဆိုသူတို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော် ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဓားဦးချွန်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ

**တပ်ကုန်း ဇွန် ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ ဓားဦးချွန် ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် ည ၁၀ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ရွှေမြို့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၄၄ မိုင်အနီးအရောက်၌ တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာနေ နေလင်းထက်(ခ)ကိုထက် (၃၇)နှစ် ဆိုသူမောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ အရိုး၊အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နေလင်းထက်(ခ)ကိုထက်ဆိုသူအား ရွှေမြို့နယ်မြေရဲစခန်းမှ လက်နက်ဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဇေယျာသီရိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မော်လမြိုင်မြို့နယ်၊ သာယာအေးရပ်ကွက်၊ ဓမ္မာစာရီလမ်းမပေါ်၌ ဓားကိုင်သောင်းကျန်းနေသူ သာယာအေးရပ်ကွက်နေ ဝင်းထွန်းဦး (၃၄)နှစ်ဆိုသူအား အရိုး၊ အသွား ၁၉ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းထွန်းဦး ဆိုသူအား ဇေယျာသီရိနယ်မြေရဲစခန်းမှ လက်နက်ဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ ညနေ ၄ နာရီခွဲတွင် မော်လမြိုင်မြို့နယ်၊ စက်မှုဇုန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ညောင်ပင်ဆိပ်ရပ်ကွက်၊ စက်မှုဇုန်(၆)လမ်းအရောက်၌ လမ်းလျှောက်လာသူ အဆိုပါရပ်ကွက်နေ ထွန်းဝင်းသိန်း (၂၃)နှစ်ဆိုသူအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ အရိုး၊ အသွား ခုနစ်လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထွန်းဝင်းသိန်းဆိုသူအား စက်မှုဇုန်နယ်မြေရဲစခန်းမှ လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်သုံးထပ်လူနေ အဆောက်အအုံသုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၂ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၇

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေ အဆောက်အအုံသုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

## စနစ်တကျဖြိုချဖျက်ဆီး

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံသုံးလုံးကိုယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၄၂ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၃၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

## မော်တော်ယာဉ်များ စစ်ဆေး




မန္တလေး ဇွန် ၇

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏအောင်၏ ကြီးကြပ်မှုဖြင့် မြို့တွင်းမော်တော်ယာဉ်များ စစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက အောင်ပင်လယ်နယ်မြေရဲစခန်းအပိုင်တွင် ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါမော်တော်ယာဉ်များ စစ်ဆေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကိုကိုသန်း ဦးဆောင်၍ နယ်မြေခံစခန်းမှူးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၈၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ မြို့တွင်း မော်တော်ယာဉ်များ စစ်ဆေးရာတွင် ခင်မင်လေးစားမှုဖြင့် အလေးပြု၍ နှုတ်ခွန်းဆက်သခြင်း၊ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံခြင်းများဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြည်သူများကလည်း ရဲတပ်ဖွဲ့ဝင်များ၏ ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများကို ကြည်ဖြူစွာ ပူးပေါင်းပါဝင်ပေးခဲ့သည်။

**အလင်းသစ်(ပြန်ဆက်)**

> ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
> ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားနှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၇

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၂ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၂၀ တို့အားသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ



## ပေါ်တူဂီအသင်းက ချီလီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၇**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပေါ်တူဂီအသင်းနှင့် ချီလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ချီလီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၈မိနစ်တွင် ဂွန်ကာလိုဂူဒက်စ်၊ ပွဲချိန် ၇၅မိနစ်တွင် ဘရူနိုဖာနန်ဒက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပေါ်တူဂီအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၁ ရက်တွင် နိုင်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(အပေါ်ပုံ)(NGB)**

## ဂိုရက်ဇ်ကာကို ခေါ်ယူရန် ဂျူဗင်တပ်အသင်းနှင့် အာဆင်နယ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**တူရင် ဇွန် ၇**

ဂျူဗင်တပ်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာဖွယ်ရှိနေသော ကွင်းလယ်ကစားသမား ဂိုရက်ဇ်ကာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၂ ပွဲကစားကာ ၅၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂိုရက်ဇ်ကာကလည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးမှသာ ၎င်း၏အနာဂတ်ကို ဆုံးဖြတ်သွားမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းနှင့် အာဆင်နယ်အသင်းတို့အနေဖြင့် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်တွင် မည်သည့်အသင်းက ဂိုရက်ဇ်ကာကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## နည်းပြ ကားလ်မာတီနက်ဇ်နိုဗယ်ကို နည်းပြသစ်အဖြစ် လေဟာကူဆင်အသင်း ခန့်အပ်



**မြူးနစ် ဇွန် ၇**

လေဗာကူဆင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ကားလ်မာတီနက်ဇ်နိုဗယ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ကားလ်မာတီနက်ဇ်နိုဗယ်သည် နည်းပြဘဝတွင် တူးလော့စ်အသင်းကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လေဗာကူဆင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၂)နှစ်အရွယ်ရှိ ကားလ်မာတီနက်ဇ်နိုဗယ်က "ကျွန်တော် အခုလို လေဗာကူဆင်အသင်းရဲ့နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဇာဒေါ့ခ်ယိုဟန်နာကို ဘရိုက်တန်အသင်း ခေါ်ယူ




**လန်ဒန် ဇွန် ၇**

ဘရိုက်တန်အသင်းသည် AIK အသင်း တောင်ပံကစားသမား ဇာဒေါ့ဖ်ယိုဟန်နာကို ပြောင်းရွှေ့ကြေး ၂၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ဇာဒေါ့ခ်ယိုဟန်နာသည် AIK အသင်းနှင့်အတူ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲ ၁၁ပွဲကစားကာ ငါးဂိုး သွင်းယူထားသလို အနာဂတ်တွင်ထွန်းတောက်နိုင်သည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းသည် လက်ရှိအချိန်တွင် ကစားသမား နှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။**(အပေါ်ဝဲပုံ) (NGB)**

## မန်ဒီကို ဗယ်လက်ကာနိအသင်း အပြီးသတ်ခေါ်ယူ

**မက်ဒရစ် ဇွန် ၇**

ဗယ်လက်ကာနိအသင်းသည် ဘက်တစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် နောက်ခံကစားသမား မန်ဒီကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဗယ်လက်ကာနိအသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား မန်ဒီသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ဘက်တစ်အသင်းမှ ဗယ်လက်ကာနိအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၇ပွဲကစားကာ နှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ မန်ဒီက "ကျွန်တော် ဗယ်လက်ကာနိအသင်းကို အပြီးသတ်ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။




**(အပေါ်ပုံ) (NGB)**

## လန်းနတ်ကားလ် ပေါင်ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လွဲချော်မည်

**မြူးနစ် ဇွန် ၇**

ဂျာမနီလက်ရွေးစင်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား လန်းနတ်ကားလ် ပေါင်ဒဏ်ရာကြောင့် ၂၀၂၆ကမ္ဘာ့ဖလား ပြိုင်ပွဲကို လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား လန်းနတ်ကားလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျာမနီလက်ရွေးစင်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ လန်းနတ်ကားလ်သည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၆ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ သုံးပွဲပါဝင်ကစားပြီး ခြေစွမ်းပြထားသည်။ **(အောက်ပုံ)**

**(NGB)**



## အိုင်ရင်းအိုဂွီဇာ ဘီလ်ဘာအိုအမျိုးသမီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**မက်ဒရစ် ဇွန် ၇**

ဘီလ်ဘာအိုအမျိုးသမီးအသင်းသည် အသင်းကွင်းလယ်ကစားသမား အိုင်ရင်းအိုဂွီဇာကို ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အမျိုးသမီး ကွင်းလယ်ကစားသမားသည် ဘီလ်ဘာအိုအမျိုးသမီးအသင်းနှင့်အတူ ၂၀၂၀မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၅ပွဲကစားကာ ၁၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ အိုင်ရင်းအိုဂွီဇာက "ကျွန်မ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လာမယ့် ဘောလုံးရာသီသစ်မှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရရှိနိုင်ဖို့ အခုအချိန်ကတည်းက အကောင်းဆုံး ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောသည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ဘရန့်ဖို့ဒ်အသင်းသည် ကိုလုံးအသင်း တောင်ပံကစားသမား ဆာအိဒ်အယ်လ်မာလာကို ယူရို သန်း ၅၀ ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဂျူဗင်တပ်အသင်းသည် အသင်းနောက်ခံကစားသမား ကမ်ဘီယာဆို၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။ **(NGB)**

## 2026 Roland Garros အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Mirra Andreeva ဆွတ်ခူး

**ပါရီ ဇွန် ၇**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရုရှားတင်းနစ်မယ် Mirra Andreeva က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်မယ် Maja Chwalinska ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ Mirra Andreeva က "ကျွန်မ အခုလို 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မနိုင်ငံအတွက်လည်း အကောင်းဆုံးဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ယာပုံ)**

**(NGB)**



## နိုင်ငံတကာခြေစမ်းပွဲစဉ် နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် |
|---|---|
| ၉-၆-၂၀၂၆ နံနက်၀၁း၁၅နာရီ | နယ်သာလန် - ဥဇဘက်ကစ္စတန် |
| ၈-၆-၂၀၂၆ နံနက်၀၁း၄၀နာရီ | ပြင်သစ် - မြောက်အိုင်ယာလန် |
| ၈-၆-၂၀၂၆ နံနက်၀၈း၃၀နာရီ | ပီရူး - စပိန် |

## မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ နှစ်စဉ်ကြေးပေးသွင်းရန် ငွေလှူဒါန်း



**မန္တလေး ဇွန် ၇**

မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ နှစ်စဉ်ကြေးပေးသွင်းရန် ငွေလှူဒါန်းခြင်းနှင့် အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့စာပေတင်းကုပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်း(ဘဏ္ဍာရေးမှူး)ဦး မောင်မောင်(မောင်မောင်-မန်းတက္ကသိုလ်)နှင့် အသင်းဝင် ဦးကျော်မြင့်(မောင်ကြွေးကျော်)တို့က မြို့နယ်စာရေးဆရာအသင်းအား အသင်းသား၊ အသင်းသူ ၂၈ ဦးအတွက် လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာ အသင်းသို့ ဆရာ ဦးမောင်မောင်က ငွေကျပ် ၆၀၀၀၀ကို လည်းကောင်း၊ ဆရာမောင်ကြွေးကျော်က ငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းသို့ တရားလွှတ်တော်ရှေ့နေ ဆရာ ဦးလေးမောင်က ငွေကျပ် ၃၀၀၀၀ နှင့် စာရေးဆရာမောင်ကြွေးကျော်က ငွေကျပ် ၃၀၀၀၀ တို့ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအောင်မင်းဦး (မင်းမင်း-မန္တလေး)၊ အတွင်းရေးမှူး ဦးမြဝေ(မောင်မြဝေ-ယောမင်းကြီး)နှင့် အဖွဲ့ဝင် ဦးမြင့်သိန်း (မြင့်သိန်း-ပညာရေး)တို့က လက်ခံကြသည်။ (ဝဲပုံ)

ထို့နောက် စာပေတင်းကုပ်သို့ ကြွရောက်အားပေးချီးမြှင့်ပါသော ဆရာ၊ ဆရာမများက မုဒိတာစကားများနှင့် ကဗျာများရွတ်ဆိုကာ စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးပိုစတာများ စိုက်ထူးခြင်းလုပ်ငန်း ဆောင်ရွက်



**သရက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုးပင်ကျေးရွာအုပ်စု၊ မုဋ္ဌလီကျေးရွာ၊ သရက်-ကိုးပင်-မုဋ္ဌလီကားလမ်းဘေး၌ ရက် (၁၀၀)စီမံချက်အရ စိုက်ပျိုးရေးပညာပေး ပိုစတာများ စိုက်ထူခြင်းလုပ်ငန်းနှင့် တောင်သူများအား ရှင်းလင်းပညာပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပညာပေး ပိုစတာများ စိုက်ထူခြင်းလုပ်ငန်းနှင့် တောင်သူများအား ရှင်းလင်းပညာပေးခြင်းကို မြို့နယ်ဦးစီးမှူး ဦးတင့်နေအောင်က ပိုစတာများစိုက်ထူရသည့် အကြောင်းအရာများနှင့် ပိုစတာပါ သီးနှံအထွက်နှုန်းမထိခိုက်စေသည့် ဓာတ်မြေသြဇာလျှော့ချသုံးစွဲနိုင်သော နည်းလမ်းများ၊ မျိုးစေ့မမှန် ပင်မသန် ဖူးတံငုံကင်း အသီးဖျင်း စသည်တို့အပြင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ သက်တမ်းအလိုက် ဆောင်ရွက်ရမည့် နည်းပညာများနှင့် ပိုးမွှားရောဂါဆိုင်ရာများကို ရှင်းလင်းပညာပေး ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ သရက်ခရိုင် မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံများနှင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ်မှစိုက်ပျိုးပညာပေးရေး ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည် စစ်ဆေး

**မန္တလေး ဇွန် ၇**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာ(မန္တလေး)သို့ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူလောင်းများအား ကြံ့ခိုင်စွမ်းရည် ငါးမျိုးစစ်ဆေးခြင်းကို ဇွန် ၆ ရက် နံနက် ၇နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ပြုလုပ်သည်။



သင်တန်းသား၊သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက ကြံ့ခိုင်စွမ်းရည် ငါးမျိုးစစ်ဆေးကြရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုကြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သည် မြန်မာ့လက်ရွေးစင် ၁၁၈၀ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေတံဆိပ် ၃၉ ခု၊ငွေတံဆိပ် ၅၂ ခု၊ကြေးတံဆိပ် ၈၈ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၄၅)

## သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဆင်းပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၇**

သီးသန့်မီးသတ်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းရန်နှင့် မီးလောင်မှုများဖြစ်ပွားပါက ကနဦးလက်ဦးမှုရယူ၍ မီးငြိမ်းသတ်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာ သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဆင်းပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ခရိုင်မီးသတ်ဦးစီးဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၂၆)၌ သင်တန်းသား ၁၀၀ ဦးအား နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## နယ်လှည့်စာကြည့်တိုက်၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

**မြစ်သား ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင် ဦးဆောင်၍ ဝန်ထမ်းများက ဘူတာရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားပြီး လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်၍ စာဖတ်ရှိန် မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင် ပြပွဲနှင့် စာအုပ်ပြပွဲများကို အဆိုပါကျောင်းတွင် ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းက ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာမှု ရှိစေရန်နှင့် စည်းကမ်းရှိစေရန် အကြောင်းအရာများပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အသိပညာပေး အကြောင်းအရာများ၊ စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် အရေးကြီးပုံအကြောင်းနှင့် ကလေးအလုပ်သမားလျှော့နည်း ပပျောက်အောင် ကလေးများကို အကာအကွယ်ပေးရမည့် အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

ရေနုတ်မြောင်းသည်
အမှိုက်စွန့်ပစ်ရန်
နေရာမဟုတ်ပါ။



## မဟာအောင်မြေမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်

**မန္တလေး ဇွန် ၇**

မန္တလေး၊ မဟာအောင်မြေ နယ်၊ သံလျက်မော်အရှေ့ ွက်တွင် ရေစီးရေလာကောင်း ခစေရန် ယနေ့ နံနက်ပိုင်းက ာင်ရွက်ခဲ့သည်။

မဟာအောင်မြေမြို့နယ်၊ ျက်မော်အရှေ့ရပ်ကွက်တွင် စီးရေလာကောင်းမွန်စေရန် သံလျက်မော်အရှေ့ရပ်ကွက်မှ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊တရားလွှတ်တော်ရှေ့နေ ဦးစိုးနိုင်အား တင်ပြဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ အကူအညီဖြင့် သံလျက်မော်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များဆယ်ယူခြင်း၊ ပိတ်ဆို့နေသော နွံများ ဆယ်ယူခြင်း၊ကွန်ကရစ်ရေမြောင်းဖုံးများ ပြုပြင်ခြင်းများကို ပိုင်းဝန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**အောင်ဇော်မင်း**

# မီးဖိုချောင်ထဲက အသံတိတ်လူသတ်သမား မှိုဆိုးများနှင့် ကျန်းမာရေးအန္တရာယ်

လူအများစုသည် ရောဂါဘယများအကြောင်း စဉ်းစားလျှင် ကွမ်းယာ၊ ဆေးလိပ်၊ အရက်၊ အစားအသောက်မဆင်ခြင်ခြင်းနှင့် လေ့ကျင့်ခန်း ပုံမှန် မလုပ်ခြင်းတို့ကိုသာ အဓိကထား ဂရုပြုတတ်ကြသည်။ သို့သော် မိသားစုကျန်းမာရေး အတွက် အဓိကကျသော မီးဖိုချောင်အတွင်း၌ သာမန်မျက်စိဖြင့် သေချာမမြင်ရသော (သို့မဟုတ်) ဂရုမပြုမိဘဲ ခိုအောင်းနေသော မှို (Molds) နှင့် မှိုဆိပ် (Mycotoxins) များသည် ကျန်းမာရေးကို တဖြည်းဖြည်းချင်း ခြိမ်းခြောက်နေသည့် အသံတိတ်လူသတ်သမားများ ဖြစ်နေနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။

**၁။ စဉ်းတီတုံးများမှတစ်ဆင့် ကူးစက်တတ်သော မှိုအန္တရာယ် -**

မီးဖိုချောင်တွင် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ လှီးဖြတ်ရာ၌ သုံးသော သစ်သား (သို့မဟုတ်) ပလတ်စတစ် စဉ်းတီတုံးများသည် မှိုနှင့် ဗက်တီးရီးယားများ အလွယ်တကူ ပေါက်ဖွားနိုင်သည့်နေရာများ ဖြစ်သည်။ စဉ်းတီတုံးကို အသုံးပြုဖန်များလာသည့်အခါ ဖြစ်ပေါ်လာသော ဓားရာ အက်ကွဲကြောင်းငယ်များထဲသို့ အစားအစာ အကြွင်းအကျန်နှင့် အစိုဓာတ်များ ဝင်ရောက်သွားပြီး စနစ်တကျ ဆေးကြောခြောက်သွေ့အောင် မလုပ်ပါက Aspergillus နှင့် Penicillium ကဲ့သို့သော မှိုမျိုးစိတ်များ ပေါက်ဖွားလာစေသည်။ ထိုမှိုများသည် မျက်စိဖြင့် မမြင်ရမီကပင် သန်းပေါင်းများစွာသော မှိုမျိုးမှုန် (Spores) များကို လေထုထဲသို့ ဖြန့်ကြက်နေနိုင်ပြီး အခြားစားသောက်ကုန်များကိုလည်း အပြန်အလှန် ကူးစက်ညစ်ညမ်းမှု (Cross-contamination)ဖြစ်စေကာ အစာအဆိပ်သင့်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

**၂။ အစားအသောက်များနှင့် မှိုဆိပ် (Mycotoxins) -**

ပေါင်မုန့်၊ ကိတ်မုန့် (သို့မဟုတ်) အာလူး၊ ကြက်သွန်၊ ဆန်၊ ဂျုံနှင့် မြေပဲတို့တွင် မှိုတက်နေသည်ကို မြင်ပါက အချို့က မှိုစွဲနေသည့် အစိတ်အပိုင်းလေးကိုသာ ဖယ်ထုတ်ပြီး ကျန်ရှိသည့်အပိုင်းကို စားသုံးတတ်ကြသည်။ ၎င်းသည် အလွန်အန္တရာယ်များသော အယူအဆအမှား ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့မျက်စိဖြင့် မြင်ရသော မှိုမျိုးမှုန် (Spores) များသည် အပေါ်ယံမျှသာဖြစ်ပြီး မှို၏အမြစ်သဖွယ်ဖြစ်သော မှိုမျှင် (Mycelium)များသည် အစားအစာ၏ အတွင်းပိုင်းအထိ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နေပြီ ဖြစ်သောကြောင့် ဖြစ်သည်။

ထိုမှိုများမှ ထုတ်လွှတ်သော Mycotoxins (မှိုဆိပ်)များသည် အပူပေးချက်ပြုတ်ရုံဖြင့် အလုံးစုံ ပျက်စီးမသွားနိုင်ပါ။ ၎င်းတို့ကို စားမိပါက ချက်ချင်းဖြစ်ပေါ်သော အစာအဆိပ်သင့်မှုအပြင် ရေရှည်တွင် အသည်း၊ ကျောက်ကပ်နှင့် ကိုယ်ခံအားစနစ်တို့ကို ပျက်စီးစေခြင်းနှင့် ကင်ဆာရောဂါ(Carcinogenicity)ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေနိုင်ပါသည်။

**၃။ ဟင်းသီးဟင်းရွက်များတွင် တွေ့ရတတ်သော အဆိပ်အတောက်များ**

ကြက်သွန်နီခွံကြားမှ အမည်းစက်များသည် Aspergillus niger မှိုဖြစ်ပြီး အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဓာတ်မတည့်မှုများကို ဖြစ်စေကာ ကိုယ်ခံအားနည်းသူများတွင် Aspergillosis အဆုတ်ရောဂါအထိ ဖြစ်ပွားစေနိုင်သည်။

အာလူးများ မှိုတက်ခြင်း(သို့မဟုတ်)အညှောက် ပေါက်ခြင်း(သို့မဟုတ်)အညှောက်မပေါက်မီ အစိမ်းဖြစ်လာပါက Solanine (ဆိုလာနင်း)ဟုခေါ်သော အာရုံကြောစနစ်ကို ထိခိုက်စေသည့် သဘာဝအဆိပ်ဓာတ်များ တိုးပွားလာတတ်သည်။

**၄။ ကာကွယ်ခြင်းသည် အကောင်းဆုံးဆေးဝါးဖြစ်ပါသည် -**

မိသားစုကျန်းမာရေးကို ကာကွယ်ရန်အတွက် မီးဖိုချောင်သန့်ရှင်းရေးကို အောက်ပါအချက်များကို ဂရုပြုသင့်ပါသည် -

စဉ်းတီတုံးကို ထိန်းသိမ်းပါ။ အသားနှင့် ဟင်းသီးဟင်းရွက်လှီးသည့် စဉ်းတီတုံးကို ခွဲသုံးပါ။ အသုံးပြုပြီးတိုင်း သန့်စင်အောင်ဆေးကြောပြီး နေရောင်ခြည်တွင် ခြောက်သွေ့အောင် လှန်းပါ။ အက်ကွဲကြောင်းများပြားလာပါက အသစ်လဲလှယ်ပါ။

သိုလှောင်မှု စနစ်တကျရှိပါ။ အာလူးနှင့် ကြက်သွန်များကို လေဝင်၊ လေထွက်ကောင်းပြီး ခြောက်သွေ့အေးမြသော နေရာတွင် ထားပါ။

မှိုတက်လျှင် စွန့်ပစ်ပါ။ အစားအသောက်များတွင် မှိုအနည်းငယ်တက်သည်ကို မြင်ရရုံဖြင့် နှမြောခြင်းမရှိဘဲ အကုန်စွန့်ပစ်ရပါမည်။

နိဂုံးချုပ်အားဖြင့် မီးဖိုချောင် သန့်ရှင်းရေးသည် အိမ်အလှအပအတွက်သာ မဟုတ်ဘဲ မိသားစု ကျန်းမာရေးကို ကာကွယ်ပေးသော ပထမဆုံးဆေးဝါးဟုပင် ဆိုနိုင်ပါသည်။ ရောဂါကြီးများသည် နေ့စဉ်ဘဝ၏သေးငယ်သော ပေါ့ဆမှုများမှ စတင်လာတတ်သဖြင့် "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်"ဟူသော ဆောင်ပုဒ်အတိုင်း မီးဖိုချောင်မှစတင်၍ ကျန်းမာရေးနှင့်ညီညွတ်သော လူမှုအသိုက်အဝန်းကို တည်ဆောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကိုးအကားများ** (References)

World Health Organization (WHO). (2018). Mycotoxins: Fact sheet. Geneva: World Health Organization.

U.S. Food and Drug Administration (FDA). (2022). Molds on Food: Are They Dangerous? Center for Food Safety and Applied Nutrition.

Food and Agriculture Organization (FAO). (2011). Manual on the Prevention and Control of Mycotoxins in Foodstuffs. FAO Food and Nutrition Paper.

Pitt, J. I., & Hocking, A. D. (2009). Fungi and Food Spoilage (3rd ed.). Springer Science & Business Media.

**ပါမောက္ခ သိန်းဇော်လင်း**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ ကြက်ခြေနီအသင်းများပူးပေါင်း၍ ရှေးဦးပြုစုခြင်း သင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ ဘယ်လ်ဂျီယံနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း Trauma First Aid (Provider) Training သင်တန်းကို ဇွန် ၁ ရက်က မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် ဖွင့်လှစ်ရာတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း Response Suppoet Delegate ဒေါ်ပုန်းညက်ခိုင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (မန္တလေးရုံးခွဲ)မှ Advisor ဦးကျော်ဖြိုးခိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နည်းပြများ၊ သင်တန်းသားများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာ့လုပ်အားရှင် ၂၁ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ) (ဝ၄၅)



# ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ဆည် ဇွန် ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာသာအေးကျေးရွာ၌ သောက်သုံးရေ ဖူလုံစေရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရှာသာအေးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ၉၅ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရေရရှိရေးလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီး စီးရေးလိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့သည်။

အဆိုပါ ရှာသာအေးကျေးရွာ၌ ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်း မြေအောက်အနက်ပေ ၄၀၀ ရှိ လေးလက်မခွဲ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၆ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် မေ ၂၆ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

# မိုးကြိုပဲတီစိမ်းများ ကောက်သိမ်းပြီး ဝင်ငွေရနေ

**ချောင်းဦး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်တွင် မိုးကြိုပဲတီစိမ်းများ ကောက်သိမ်းပြီး တောင်သူများ ဝင်ငွေရနေကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်း ၈၈၃၄ ဧက စိုက်ပျိုးထားကြောင်း၊ ယခုအခါ အောင်မြင်ဖြစ်ထွန်းနေပြီး ပထမအကြိမ် ဆွတ်ခူးခဲ့ရာ တစ်ဧကလျှင် ၁၀ တင်း လေးပြည် ခန့်ရရှိခဲ့ကြောင်း၊ ပဲတီစိမ်းတစ်တင်းလျှင် ကိုးသောင်းမှ တစ်သိန်းကျပ်အထိ ဈေးရရှိနေကြောင်း၊ ရာသီကုန်အနေဖြင့် တစ်ဧကလျှင် ၂၅ တင်းကျော်အထိထွက်ရှိနိုင်ပြီး ချောင်းဦးမြို့နယ်အနေဖြင့် မိုးကြိုပဲတီစိမ်းစိုက် တောင်သူများအားလုံး တွက်ခြေကိုက်သည့် သီးနှံတစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲတီစိမ်းသီးနှံအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လစဉ်အကျိုးဆောင်တောင်သူများကို အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ယာပုံ) မြို့နယ်(ပြန်/ဆက်)**



# ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန် ကြီးကြပ်ရေးမှူးများ ရွေးချယ်မှု ကွင်းဆင်းဆောင်ရွက်



**ညောင်ဦး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ရွေးချယ် တာဝန်ပေးအပ်နိုင်ရေးအတွက် ကြီးကြပ်ရေးမှူးများ ရွေးချယ်မှုကို ဌာနဆိုင်ရာများမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက မြို့မတောင်ရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

ကြီးကြပ်ရေးမှူး ရွေးချယ်ပွဲတွင် ဌာနဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးဇင်မောင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းသည်။ ယင်းနောက် ရပ်မိရပ်ဖများက တင်ပြလာသည့် ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦး၏ အမည်စာရင်းကို တက်ရောက်လာသည့် ရပ်ကွက်ပြည်သူများ၏ သဘောဆန္ဒနှင့်အညီ အတည်ပြုပြီး ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးအနက်မှ အဖွဲ့ခေါင်းဆောင် တစ်ဦးအား ပြန်လည်ရွေးချယ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားနိုင်ရေး နည်းလမ်းစဉ်များအတိုင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကြီးကြပ်ရေးမှူးများ ရွေးချယ်မှုပွဲသို့ တာဝန်ကျ ဌာနဆိုင်ရာကြီးကြပ်ရေးအဖွဲ့မှ ဦးဇင်မောင်မောင် (ဦးစီးအရာရှိ-မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဦးစီးဌာန)နှင့် သမဝါယမ ဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့မတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းငွေနှင့် ရပ်မိ၊ ရပ်ဖများ၊ အိမ်ထောင်ဦးစီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ) (၄၅၆)

## စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇွန် ၇**



စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ လမ်း၃၀နှင့် ၃၅လမ်းကြား၊ ၇၈လမ်းနှင့် ၇၉လမ်းကြားရှိ ရထားသံလမ်းတစ်လျှောက်ဘေးဝဲ၊ ယာတို့တွင် သန့်ရှင်းသာယာလှပရေးအတွက် မြန်မာ့မီးရထား(အထက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးဆွေရင်နှင့်ဝန်ထမ်း ၅၄ ဦး၊ မီးရထားရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်နှင့် တပ်ဖွဲ့ဝင် ၂၄ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်း ၄၀ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ချမ်းအေးသာစံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်းနှင့် ဝန်ထမ်း ၁၅၆ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦးနှင့် တပ်ဖွဲ့ဝင် ၁၆ ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်း ၂၅ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခုနစ်ဦး၊ အမျိုးသမီးရေးရာအဖွဲ့ ငါးဦး၊ ပရဟိတဓာရီ လူမှုကူညီရေးအသင်းမှ ၁၀ ဦး၊ စုစုပေါင်း အင်အား ၃၆၈ ဦးဖြင့် ရထားလမ်းဘေးဝဲ၊ ယာ ရှိချုံနွယ်များ၊ အမှိုက်များရှင်းလင်းခြင်းဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါသန့်ရှင်းရေးဆောင်ရွက်သည့်နေရာသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀




မြို့ပန္တလာ စိမ်းလန်းသာ ပန်းမန်သစ်ပင် စိုက်ကြပါ။

## ယာဉ်အန္တရာယ် ကင်းရှင်းရေး စစ်ဆေး

**မန္တလေး ဇွန် ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးလွင် ဦးစီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေး-စစ်ကိုင်းလမ်း၊ စစ်ကိုင်းမြို့ ကျော်ထက်မီးပွိုင့်တွင်မော်တော်ဆိုင်ကယ်မောင်းနှင်သူများအားအရည်အသွေးမြင့်မားသော ဆိုင်ကယ်စီးဦးထုပ်များ အသုံးပြုရန်၊ မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းရန်၊ လမ်းယာဆုံးယာဉ်ကြောမှမောင်းရန်၊ မီးအချက်ပြများ လိုက်နာရန်တို့ကိုလည်းကောင်း၊ မော်တော်ယာဉ်မောင်းသူများအား ခါးပတ်ပတ်ရန်၊ သတ်မှတ်မိုင်နှုန်းမောင်းနှင်ရန်၊ ပြိုင်မမောင်းရန်၊ ကုန်တင်ယာဉ်များအား ယာဉ်ကြံ့ခိုင်မှု စစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများပြောကြား၍ အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေသည်။(၀၄၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္တလေး

## ပညာရွှေအိုး လူမခိုး

* လောကဝယ် ပညာ့မျက်စိ
ပိုင်းခြားသိ အမှား့အမှန်။
တို့တစ်တွေ တပ်ဆင်ကြ
လုပကေန်။

* ဘဝအတွက် ကောင်းမွန်ရန်
ကျက်မှတ်ပြန် စာပေများ။
ဇွဲ့လုံ့လကို မြှင့်တင်ကြလို့
နေ့ညကြိုးစား။

* မြတ်ပညာ ဆီမီး့ကား
ထွန်းညှိထား တို့တစ်တွေ။
အမှောင်ကို အမြဲဖြိုခွင်း
အလင်းဖြာဝေ။

* သည်လောက ကမ္ဘာမြေ
ပွင့်လန်းစေ ပညာ့ပန်း။
ခေတ်လူငယ် သမီး့သားတို့
ကြိုးစားဆင်မြန်း။

* အလှထည် ပြည်ထောင်စုနန်း
ဖူးငုံလန်း ရင်သွေးရေး။
ပညာ့သည် မြတ်ရွှေအိုး
မခိုးနိုင်လေ။

* ပညာတတ်မှ လူရာဝင်ပေ
သိကြစေ တို့အများ။
ပျင်းစိတ်ကို မောင်းထုတ်လျက်မို့
(အိုကွယ်)
ရှေ့ဆက်စေသား။ ။

ဇဂျမ်းရွာကျောင်းအိုသား

## သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ မိုးရာသီအကြို မြန်မာ့ရတနာကျွန်းပင်များ စိုက်ပျိုး

**နေပြည်တော် ဇွန် ၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးခြင်းကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက် V-4 လမ်းဆုံအနီးရှိ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှူးရုံးပိုင် မြေ ၁၀ ဧက၌ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း ဦးဆောင်၍ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၂) သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်များက မိုးရာသီအကြို မြန်မာ့ရတနာကျွန်းပင် ၃၀၀ ကျော်အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) အောင်ကို(မြန်/ဆက်)**





## ခြေထောက်သွေးပြန်ကြောအားနည်းရောဂါအကြောင်း ဟောပြော

**မန္တလေး ဇွန် ၇**

ခြေထောက်သွေးကြောထုံးခြင်းနှင့် ခြေထောက်သွေးပြန်ကြောအားနည်းရောဂါအကြောင်း သိကောင်းစရာ ကျန်းမာရေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀ နှင့် ၃၁လမ်းထောင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(မန္တလေးတိုင်းဒေသကြီး)တွင် ကျင်းပသည်။

အဆိုပါကျန်းမာရေးဟောပြောပွဲကို ပါမောက္ခ ဒေါက်တာကျော်စိုးဝင်း၊ နှလုံးရောဂါအထူးကုဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)၊ မန္တလေးပြည်သူ့ဆေးရုံကြီးက ခြေထောက်သွေးပြန်ကြောအားနည်းရောဂါအကြောင်း သိကောင်းစရာအကြောင်းကို ဟောပြောရာတွင် ခြေထောက်သွေးပြန်ကြောအားနည်းရောဂါဖြစ်ရခြင်းမှာ အထိုင်များခြင်း၊ ကြာရှည်စွာမတ်တတ်ရပ်ခြင်း၊ မျိုးရိုးလိုက်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ အဝလွန်ခြင်း၊ အသက်ကြီးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကြောင့်ဖြစ်တတ်ကြောင်း စသည့်ရောဂါလက္ခဏာများအကြောင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းများအကြောင်းကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

(အပေါ်ပုံ)

သွေးပြန်ကြောအားနည်းရောဂါသည် နှလုံးသွေးကြောရောဂါထက်နှစ်ဆ၊ ခြေလက်သွေးကြောရောဂါ ထက်ငါးဆ ပိုမိုဖြစ်ပွားနေသည်။ သွေးပြန်ကြောအားနည်းခြင်း၏ဖြစ်ပွားနှုန်းမှာ ခန့်မှန်းခြေ သွေးပြန်ကြောပြောင်းပြန် စီးရောဂါလက္ခဏာပြသူ သန်း ၃၀ အနက် တစ်နှစ်လျှင် ကျန်းမာရေးစောင့်ရှောက်သူများထံ ရောဂါပြသသူ ၁ ဒသမ ၉ သန်းသာရှိသည်။ ထိုအထဲတွင် ကုသမှုခံယူသော လူနာငါးသိန်းသာ ရှိပြီးကျန် ၂၈ သန်းကျော်မှာ ကုသမှုခံယူခြင်းမရှိကြောင်း သိရသည်။

ရွှေမန်း

## စစ်ကိုင်းမြို့နယ် မင်းကွန်းဘိုးဘွားရိပ်သာရှိ ခိုကိုးရာမဲ့ ဘိုးဘွားများအတွက် ငွေပဒေသာပင်စိုက်ထူ

**မန္တလေး ဇွန် ၇**




မြန်မာနိုင်ငံတွင်ပထမဆုံးဘိုးဘွားရိပ်သာဖြစ်သည့် ဘွားဦးဖွန်းတည်ထောင်ခဲ့သည့် မင်းကွန်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကို ဇွန် ၅ ရက် နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၃၁လမ်း၊ ၈၃လမ်းနှင့်၈၄လမ်းကြားရှိ မင်းကွန်းဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ကွယ်လွန်သူ ဦးဆိုရှင်းအားရည်စူး၍ ကိုစိုးမင်းဖူး မိသားစုက ငွေပဒေသာပင် ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ဦးဖုန်းတင့်အား ရည်စူး၍ ဒေါ်ခင်မျိုးတင့်က ငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တရားရုံးချုပ်ရှေ့နေကြီး ဦးမိုဟန်အားရည်စူး၍ ဒေါက်တာခင်မောင်စိုးနှင့်ဇနီးမိသားစုက အဘိုး၊ အဘွားများအား တစ်နေ့စာကျွေးမွေးခြင်းများအတွက် ငွေလှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းနှင့် ကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်သည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ လာရောက်မှုနည်းပါးသဖြင့် ခိုကိုးရာမဲ့ဘိုးဘွားများ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် မင်းကွန်းဘိုးဘွားရိပ်သာမှ အလှူရှင်များအား ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေး

**ကွန်ဟိန်း ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းအား ယမန်နေ့ နံနက် ၈ နာရီကစတင်၍ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဆောင်ရွက်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ လာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။



(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## အရိယဝံသ မိုးကုတ်ဝိပဿနာရိပ်သာတွင် (၄၉)ကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲ ကျင်းပမည်

**စဉ့်ကိုင် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသ မိုးကုတ်ဝိပဿနာရိပ်သာတွင် (၄၉)ကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲကို ဇွန် ၂၀ ရက်မှ ဇွန်၂၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ၁၀ရက် တရားစခန်းပွဲတွင် အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမာနိတက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာတရား၊ ဝိပဿနာတရားများ၊ အလုပ်ပေးတရားများကို ဟောကြားချီးမြှင့်မည်ဖြစ်ပြီး တစ်နာရီထိုင် တရားခြောက်ကြိမ်၊ ဟောတရားနှစ်ကြိမ်၊ စင်္ကြံလျှောက် ၄၅ မိနစ် တစ်ကြိမ်၊ သီလပေးအလုပ်ထိုင် တစ်ကြိမ်၊ စုစုပေါင်း ကိုးကြိမ် တရားအားထုတ်ရမည်ဖြစ်ရာ တရားစခန်းဝင်ယောဂီများသည် မှတ်ပုံတင်မူရင်းနှင့် သံဃာတော်များ၊ သီလရှင်များသည် သာသနာဝင်ကတ်ပြားမူရင်း ယူဆောင်လာရမည်ဖြစ်ပြီး တရားစခန်းဝင်ရောက်မည့် ယောဂီများအနေဖြင့် လက်ဝတ်ရတနာပစ္စည်းများနှင့် ဖုန်းများယူဆောင်လာခြင်းမပြုကြပါရန် အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအလုပ်အမှုဆောင်အဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(၀၅၃)




## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ဝေယျာဝစ္စအလှူတော်ငွေ လှူဒါန်း

**မန္တလေး ဇွန် ၇**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် ရန်ကုန်မြို့နေ ဦးမျိုးမြင့်အောင်က မွေးနေ့အလှူအဖြစ် ဝေယျာဝစ္စအလှူတော်ငွေ(ဆေးပစ္စည်းဝယ်ယူရန်) ငွေကျပ် ၁၀ သိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀

## ပေါင်းလဲရွှေသာလျောင်းမြတ်စွာဘုရား စံကျောင်းတော်အတွင်းရှိ ဆင်းတုတော်ကြီးတစ်ဆူ ပြန်လည်ပြုပြင်ရန် ငွေလှူဒါန်း




**မန္တလေး ဇွန် ၇**

မန္တလေး၊မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ပိုင်း ပေါင်းလဲရွှေသာလျောင်းမြတ်စွာဘုရား စံကျောင်းတော်အတွင်းရှိ ဆင်းတုတော်ကြီး တစ်ဆူ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည်ကို ပြန်လည်ပြုပြင်ရန်အတွက် ဂေါပကအဖွဲ့ရုံးခန်းသို့ ယမန်နေ့က လာရောက်လှူဒါန်းရာ နှစ်ဖက်မိဘများအား အမှူးထား၍ ကိုထွန်းအောင်ကျော်+မအိမွန်ကျော်(စိုးသမာဓိရွှေဆိုင်) မိသားစုတို့က အလှူငွေကျပ် ၁၅ သိန်းကို ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမောင်မောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ပေါင်းလဲရွှေသာလျောင်းမြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (ကဆ)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ်(၈-က)၊ ဧရိယာ(၂၂ ဒသမ ၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးဌေးအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၈-ခ)၊ ဧရိယာ(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်း ဒေါ်သန်းနွဲ့(ဘ)ဦးချစ်ဆိုင်(SBO-၁၅၁၆၂၄)အမည်ဖြင့် ချထားရရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်သန်းသန်းဆွေ(ဘ)ဦးမျိုးဆွေ(၁/ကမန(နိုင်)၀၂၆၆၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းကြွယ် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးတင်မြင့်(ဘ)ဦးယွမ်ရောဆင်(၉/မနမ(နိုင်)၀၀၇၅၁၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၄)၊ ဦးပိုင်နံပါတ်(၆၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးညိုမောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်နိုင်မိုး(ခ)ဦးအောင်လှိုင်ထွန်း(ဘ)ဦးကြာမြင့်(၈/ဆမန(နိုင်)၀၀၆၂၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၄)၊ ဦးပိုင်နံပါတ်(၅၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်ဟန်တင်အေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိမြွာအောင်(ဘ)ဦးလောအိုက်(၁/ကမန(နိုင်)၀၄၅၂၁၁) [၎င်း၏ကိုယ်စား ဒေါ်နန်းသင်းမွှေး(ဘ)ဦးဆွယ့်ဆိုင်(၁/မကန(နိုင်)၀၆၆၀၆၀)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၅)၊ ဦးပိုင်နံပါတ်(၉၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ ဦးငွေမောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြတ်ဖူးဇော်(ဘ)ဦးဇော်မြင့်ထွန်း(၉/ခမစ(နိုင်)၀၃၀၂၁၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး LL.B, LL.M** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် LL.B, LL.M** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသဇင်အောင် LL.M** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း LL.B** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး LL.B** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် LL.B** အထက်တန်းရှေ့နေ
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀ ဒသမ ၀၁၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ကြွပ်ကာသွပ်မိုး(၂)ထပ် အဆောက်အအုံ၊ မီးမီတာ၊ အဝီစိတွင်း အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးမျိုးလွင်(ဘ)ဦးချက်ကြီး(၅/ခဥန(နိုင်)၀၆၆၂၂၉)၊ ဒေါ်လှိုင်လှိုင်ဦး(ဘ)ဦးခင်မောင်သိန်း(၉/ခမစ(နိုင်)၀၂၇၅၂၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စင်စင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**Office – ၇၁လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ 09-43012024, 09-973813454**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ ရွာလယ်လမ်းမအနီးနေ ဒေါ်ခင်သန်းနွယ်(ဘ)ဦးခင်မောင်မြင့်(၉/မနမ(နိုင်)၁၀၈၀၉၅)မှ "စေတနာ"ဒံပေါက်၊ ပဲထမင်း အမည်ရှိ ကုန်အမှတ်တံဆိပ်ကို ပုသိမ်ကြီးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၀၂၆/၂၀၂၆) အရ တရားဝင် မှတ်ပုံတင်သွင်းထားပြီး ဒံပေါက်၊ ပဲထမင်း၊ နတ်သုဒ္ဓါ၊ ကြက်ဆီထမင်း၊ ထောပတ်ထမင်း၊ အလှူငါးခြောက်နှပ်၊ မြန်မာထမင်းဟင်းစုံ အမျိုးမျိုးတို့ကို ဆိုင်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

စေတနာ
ဒံပေါက်၊ ပဲထမင်း
09-969783848

**မှတ်ပုံတင်စာချုပ်အမှတ်**
**(၀၂၆/ ၂၀၂၆)**

အထက်ပါအမည်အမှတ်တံဆိပ်ကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဗူး၊ စက္ကူပုတ်၊ စက္ကူဘူး၊ ပါဆယ်ထုတ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုတ်ပိုးပစ္စည်းများပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်၊ ရေဒီယို၊ အင်တာနက်၊ Facebook၊ Telegram အစရှိသည့် လူမှုကွန်ယက်များတို့အပေါ်တွင် အရောင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ကြော်ငြာသွားပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်"စေတနာ"အမည်ရှိ ဒံပေါက်၊ ပဲထမင်း ဆိုင်ခွဲများလည်း ဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမည်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြု လုပ်သုံးစွဲနေကြောင်းတွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးသက်ပိုင်ဦး LL.B (စဉ်– ၂၀၁၇၉/ ၂၀၂၆)**
**တရားလွှတ်တော်ရှေ့နေ**
**၃၃လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၉၅၁၁၁၆၀၄၅**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ



နေပြည်တော် ဇွန် ၇

စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံး၌ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံ အမှတ်(၁)ကို ၂၀၂၃ ခုနှစ် မတ် ၂၃ ရက်တွင် စတင်လည်ပတ်၍ လေးထောင့်ပုံ သံမဏိချောင်း(Billet) တန် ၂၈၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သံရည်ကျိုအလုပ်ရုံ အမှတ်(၂)လည်ပတ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ပညာရှင်များနှင့် စက်ရုံမှ ပညာရှင်များပူးပေါင်း၍ စက်ပစ္စည်းများကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်ကာ သံရည်ကျိုအလုပ်ရုံအား စတင်လည်ပတ်ပြီး သံမဏိပြားများ (Slab)ကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၏ စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ ပညာရှင်၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့၏ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီးရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်လျက်ရှိ

မန္တလေး ဇွန် ၇

မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ (Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများပြုပြင်ခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၅ လမ်း၊ ၄၄လမ်းနှင့် ၄၉လမ်းကြားဝဲ၊ ယာ(Precast U Drain) တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂ ရက်မှစတင်၍ မြေတူးခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ Ready Mixed Concrete G-25 Lean လောင်းခြင်း၊ Precast U Drain များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ၁၂၂လမ်း၊ ၄၈လမ်းနှင့် ၅၁လမ်းကြား ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ၁ လက်မ × ၂ လက်မ ကျောက်ဖြန့်ခင်းစက်ကြိတ်ခြင်းလုပ်ငန်း၊ ကတ္တရာလောင်းခြင်း (Chip+B+Sand Seal) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမရပူရမြို့နယ် တောင်သမန်ကန်ပတ်လမ်း (အနောက်ဘက်ခြမ်း) ဖွန်ပန်းလမ်းနှင့် နဂါးရုံလမ်းကြား ကျောက်ရိုးစီခြင်းလုပ်ငန်းကို မေ ၇ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိရာ ကျောက်ရိုးစီခြင်းလုပ်ငန်းမှာ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန ဌာနမှူး ဦးစိုးနှင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသည် မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



# မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အမျိုးသမီးဘောလုံးပွဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် FIFA Mentor မှ လာရောက်ကူညီဆောင်ရွက်

ရန်ကုန် ဇွန် ၇

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ High Performance Development (HPD) လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် FIFA Mentor ဖြစ်သူ Mr Nick Harvey သည် ၂၀၂၆ ခုနှစ်၊ မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၅ သို့ ✡

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း တီမောကို အနိုင်ရ

ရန်ကုန် ဇွန် ၇

၂၀၂၆ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A) နောက်ဆုံးနေ့ကို ဇွန် ၆ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက တီမောအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းရော တီမောအသင်းပါ နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးမရှိသော်လည်း အနိုင်ရရှိရေးအတွက် ကြိုးစားကစားခဲ့ပြီး မြန်မာအသင်းသည် နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေအသာဖြင့် ကစားနိုင်ပြီး ဂိုးသွင်းခွင့်များစွာ ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ရှုံးကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးတွင် ဦးဆောင်ဂိုးပေးလိုက်ရသဖြင့် နောက်မှလိုက်ကစားရကာ ဒုတိယပိုင်းသွင်းဂိုးများကြောင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ❖




တီမောအသင်းကို အနိုင်ရပြီး မြန်မာအသင်းကစားသမားများ အောင်ပွဲခံနေစဉ်။